သမ္မာကျမ်းစာမှ အဖြေများ

# ဘဝအတွက်
# လမ်းစ



ဝိညာဉ်ရေးရာနှင့်
အသက်တာ၏စကားလုံးများ
ထည့်သွင်း
ဖော်ပြထားပါသည်။

## သမ္မာကျမ်းစာမှ အဖြေများ

## ဘာအတွက်

# လမ်းစ

## သမ္မာကျမ်းစာမှ အဖြေများ

# ဘဝအတွက်

# လမ်းစ

MediaServe

**ဘဝအတွက် လမ်းစ**
မြန်မာဘာသာအားဖြင့် ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၆။

Copyright © 2017 Victura & FL Media
တစ်ဦးတည်းမူပိုင်

မီဒီယာဆာ့(ဗ်)မှ ထုတ်ဝေသည်။
www.mediaserve.org

ISBN 978-1-906389-49-9 *Myanmar*

မူရင်းအင်္ဂလိပ်ဘာသာဖြင့် မူပိုင် © 2000, 2013 Victura & FL Media. တစ်ဦးတည်းမူပိုင်

မြန်မာပြည်တွင် ပုံနှိပ်သည်။ ၂၀၁၇။

***ဘဝအတွက် လမ်းစ*** စာအုပ်ကို
www.biblekeys.org တွင် ရရှိနိုင်ပါသည်။

ကျေးဇူးတင်ရှိခြင်း။
ဤစာအုပ်တွင် ကိုးကားထားသောကျမ်းပိုဒ်များသည် ဆရာကြီးယုဒသသန်၏သမ္မာကျမ်းစာအုပ်မှ ဖြစ်ပါသည်။ တစ်ဦးတည်းမူပိုင်

# ဘဝအတွက်လမ်းစ မှ နွေးထွေးစွာကြိုဆိုပါ၏။

ပထမဦးဆုံး သင်ခန်းစာကို မစတင်မီ ဤအမှာစကားကို ဖတ်ရှုပါရန် တိုက်တွန်းအပ်ပါသည်။ ဤအမှာစကားသည် *ဘဝအတွက်လမ်းစ* စာအုပ်၏ရည်ရွယ်ချက်နှင့် မည်ကဲ့သို့ အသုံးပြုရမည်ကို ရည်ညွှန်းနေသည်။

## *ဘဝအတွက် လမ်းစ ဆိုတာ ဘာလဲ။*

*ဘဝအတွက် လမ်းစ* စာအုပ်သည် သမ္မာကျမ်းစာမှ အခြေခံသွန်သင်ချက်များက ရေးသားထားသော သင်ခန်းစာများ ဖြစ်သည်။ သင်ခန်းစာတစ်ခုချင်းစီသည် သင့်အသက်တာအား ခိုင်ခံ့သောအုတ်မြစ်ပေါ်၌ တည်ဆောက်နိုင်ရန် အကူအညီအထောက်အပံ့ပေးပါလိမ့်မည်။ *ဘဝအတွက် လမ်းစ* စာအုပ်ငယ်သည် သင့်အား သမ္မာကျမ်းစာကို အသုံးပြုတတ်ရန်နှင့် သင့်အတွက် ဘုရားသခင်သိထားသော အရာများကို ရရှိနိုင်ပါရန် သင်ကြားပေးပါလိမ့်မည်။

## *ဘဝအတွက် လမ်းစ စာအုပ်ကို မည်ကဲ့သို့အသုံးပြုမည်နည်း။*

- ဖော်ပြပါကျမ်းညွှန်းများကို သမ္မာကျမ်းစာမှ ရှာဖွေပါ။
- ၎င်းကျမ်းညွှန်းများကို အမှတ်အသား ကောင်းစွာပြုပါ။
- သင့် အမေးအဖြေများကို လေ့လာရာတွင် မှတ်စုစာအုပ်တစ်အုပ် ရှိပါစေ။
- သင်ခန်းစာတစ်ခုချင်းစီ၏နောက်ဆုံးစာမျက်နှာ၌ရှိသော အချို့သော ကျမ်းပိုဒ်များအား အလွတ်ကျက်မှတ်ပါ။

## စာပိုဒ်ခွဲများနှင့် ၎င်းတို့၏အမှတ်လက္ခဏာများ



### သမ္မာကျမ်းစာသင်ကြားခြင်း

သမ္မာကျမ်းစာသင်ကြားခြင်းသည် သင်ခန်းစာတစ်ခုချင်းစီ၏အစပိုင်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ လေ့လာနေသည်ဆိုသော ဘာသာရပ်များကို သွန်သင်နေသည်။




### သမ္မာကျမ်းမေးခွန်းများ – ကိုယ်ပိုင်လေ့လာရမည့်အခန်းကဏ္ဍ

ဤအပိုင်းသည် သင်လုပ်ဆောင်ရမည့်အခန်းကဏ္ဍကို ဖော်ပြသည်။ ၎င်းအပိုင်းသည် သမ္မာကျမ်းစာမှ မည်သည့်အကြောင်းကို ဖော်ပြထားပြီး၊ သင့်အသက်တာတွင် မည်သို့ အသုံးချရမည်ကို ကူညီပါလိမ့်မည်။



### လုပ်ဆောင်ချက် – နှုတ်ထွက်စကားတော်ပေါ်တွင် လုပ်ဆောင်ခြင်း။

အကျင့်မပါသော ယုံကြည်ခြင်းသည် အသေဖြစ်သည်ဟူ၍ သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ ထို့ကြောင့် သင်ခန်းစာတစ်ခုချင်းစီ၏ အဆုံးတွင် ကျွန်ုပ်တို့သည် အမြဲတမ်း လုပ်ဆောင်ရမည့်အရာများကို တိုက်တွန်းဖော်ပြထားသည်။ သင် လေ့လာသောအရာများကို လိုက်လျှောက် ကျင့်ကြံ ပြုမူပါက စစ်မှန်သောဘုရားသခင်၏ကောင်းကြီးမင်္ဂလာသင့်အပေါ်သို့ သက်ရောက်မည်ဖြစ်သည်။



## သတိရမှတ်မိစေရန် ရေးသားချက် – ကျမ်းညွှန်းများကို မှတ်မိစေပါ။

သင် ကျက်မှတ်နိုင်စေရန် သင်ခန်းစာတစ်ခုချင်းစီတွင် အရေးကြီးသော သမ္မာကျမ်းစာ၏ အပိုဒ်ငယ်များကို တစ်ခု (သို့) နှစ်ခု ရွေးချယ်ထားပါသည်။ အကောင်းဆုံးနည်းလမ်းအနေဖြင့် သင်သည် ၎င်းအရာများကို အသံထွက်ရွတ်ဆိုခြင်းဖြင့် ရရှိအောင် မှတ်သားပါ။ ၎င်းအချက်များကို ပုံမှန်လေ့လာဆင်ခြင်ကာ သင့်အသက်တာ၏အစိတ်အပိုင်းတစ်ခုဖြစ်စေရန် အခွင့်ပေးပါ။



## ချီးမွမ်းခြင်း

ဤအချက်တွင် ကျွန်ုပ်တို့ တိုက်တွန်းလိုသည်မှာ ဘုရားသခင်အား ချီးမွမ်းခြင်းနှင့် ကိုးကွယ်ရန်ဖြစ်သည်။ ဘုရားသခင်သည် မည်မျှအံ့သြဖွယ်ရာဖြစ်ကြောင်းကို ပြောပါ။ (သို့) ဘုရားသခင်၏နာမများကို သီချင်းဆိုခြင်းအားဖြင့် ချီးမွမ်းပါ။

***“ဘဝအတွက်လမ်းစ” မှ ကြိုဆိုပါ၏။ ဘုရားသခင်ကောင်းကြီးပေးပါစေ။***

| သမ္မာကျမ်းစာရှိစာစောင်များ – ၎င်းတို့၏အတိုကောက်များ | | | | | |
|---|---|---|---|---|---|
| ဓမ္မဟောင်းကျမ်း | | ဟေရှာယအနာဂတ္တိကျမ်း | ဟေရှာ | တမန်တော်ဝတ္ထု | တ |
| ကမ္ဘာဦးကျမ်း | က | ယေရမိအနာဂတ္တိကျမ်း | ယေ | ရောမသြဝါဒစာ | ရော |
| ထွက်မြောက်ရာကျမ်း | ထွ | ယေရမိမြည်တမ်းစကား | မြည် | ကောရိန္သုသြဝါဒစာပဌမစောင် | ၁ ကော |
| ဝတ်ပြုရာကျမ်း | ဝတ် | ယေဇကျေလအနာဂတ္တိကျမ်း | ယေဇ | ကောရိန္သုသြဝါဒစာဒုတိယစောင် | ၂ ကော |
| တောလည်ရာကျမ်း | တော | ဒံယေလအနာဂတ္တိကျမ်း | ဒံ | ဂလာတိသြဝါဒစာ | ဂလ |
| တရားဟောရာကျမ်း | တရား | ဟောရှေအနာဂတ္တိကျမ်း | ဟော | ဧဖက်သြဝါဒစာ | ဧ |
| ယောရှုမှတ်စာ | ယောရှု | ယောလအနာဂတ္တိကျမ်း | ယောလ | ဖိလိပ္ပိသြဝါဒစာ | ဖိ |
| တရားသူကြီးမှတ်စာ | သူကြီး | အာမုတ်အနာဂတ္တိကျမ်း | အာ | ကောလောသဲသြဝါဒစာ | ကော |
| ရုသဝတ္ထု | ရု | သြဗဒိအနာဂတ္တိကျမ်း | သြ | သက်သာလောနိတ် သြဝါဒစာ ပထမစောင် | ၁သက် |
| ဓမ္မရာဇဝင်ပဌမစောင် | ၁ ရာ | ယောနဝတ္ထု | ယောန | သက်သာလောနိတ် သြဝါဒစာဒုတိယစောင် | ၂သက် |
| ဓမ္မရာဇဝင်ဒုတိယစောင် | ၂ ရာ | မိက္ခာအနာဂတ္တိကျမ်း | မိ | တိမောသေသြဝါဒစာပဌမစောင် | ၁ တိ |
| ဓမ္မရာဇဝင်တတိယစောင် | ၃ ရာ | နာဟုံအနာဂတ္တိကျမ်း | နာ | တိမောသေသြဝါဒစာဒုတိယစောင် | ၂ တိ |
| ဓမ္မရာဇဝင်စတုတ္ထစောင် | ၄ ရာ | ဟဗက္ကုတ်အနာဂတ္တိကျမ်း | ဟဗ | တိတုသြဝါဒစာ | တိ |
| ရာဇဝင်ချုပ်ပဌမစောင် | ၅ ရာ | ဇေဖနိအနာဂတ္တိကျမ်း | ဇေ | ဖိလေမုန်သြဝါဒစာ | ဖိလေ |
| ရာဇဝင်ချုပ် ဒုတိယစောင် | ၆ ရာ | ဟဂ္ဂဲအနာဂတ္တိကျမ်း | ဟဂ္ဂဲ | ဟေဗြဲသြဝါဒစာ | ဟေဗြဲ |
| ဧဇရမှတ်စာ | ဧဇ | ဇာခရိအနာဂတ္တိကျမ်း | ဇာ | ရှင်ယာကုပ်သြဝါဒစာ | ယာ |
| နေဟမိမှတ်စာ | နေ | မာလခိအနာဂတ္တိကျမ်း | မာလ | ရှင်ပေတရုသြဝါဒစာပဌမစောင် | ၁ ပေ |
| ဧသတာဝတ္ထု | ဧသ | | | ရှင်ပေတရုသြဝါဒစာဒုတိယစောင် | ၂ ပေ |
| ယောဘဝတ္ထု | ယောဘ | ဓမ္မသစ်ကျမ်း | | ရှင်ယောဟန်သြဝါဒစာပဌမစောင် | ၁ယော |
| ဆာလံကျမ်း | ဆာ | ရှင်မဿဲခရစ်ဝင် | မ | ရှင်ယောဟန်သြဝါဒစာဒုတိယစောင် | ၂ယော |
| သုတ္တံကျမ်း | သု | ရှင်မာကုခရစ်ဝင် | မာ | ရှင်ယောဟန်သြဝါဒစာတတိယစောင် | ၃ယော |
| ဒေသနာကျမ်း | ဒေ | ရှင်လုကာခရစ်ဝင် | လု | ရှင်ယုဒသြဝါဒစာ | ယု |
| ရှောလမုန်သီချင်း | သီ | ရှင်ယောဟန်ခရစ်ဝင် | ယော | ဗျာဒိတ်ကျမ်း | ဗျာ |

## မာတိကာ

**သင်ခန်းစာ (၁)**
ဘုရားသခင်သည် အံ့သြဖွယ် ကောင်းသည့် ဖခင်တစ်ဦး ဖြစ်သည် ............ ၉

**သင်ခန်းစာ (၂)**
သခင်ယေရှုသည် အံ့သြဖွယ်ကောင်းသည့် ကယ်တင်ရှင် ဖြစ်တော်မူသည် ...... ၁၇

**သင်ခန်းစာ (၃)**
သင့်ရဲ့အသက်တာကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေနိုင်သည် ........ ၂၉

**သင်ခန်းစာ (၄)**
သင့်ကိုလွတ်မြောက်စေမည့် ဘုရားသခင်၏နှုတ်ကပတ်တော် ................. ၄၁

**သင်ခန်းစာ (၅)**
သင်၏အသစ်သောအသက်တာ ........................................ ၄၉

# ဘုရားသခင်သည် အံ့ဩဖွယ်ကောင်းသည့် ဖခင်တစ်ဦး ဖြစ်သည်

## သင်ခန်းစာပါ အကြောင်းအရာများ။

*ဘဝ၏လမ်းစ* စာအုပ်ပါ သင်ခန်းစာ(၁)မှ သင့်အား ကြိုဆိုပါသည်။ သင်သည် သမ္မာကျမ်းစာပါ အခြေခံအကြောင်းအရာများဖြစ်သော ဘုရားသခင်၏အကြောင်းကို ယနေ့ လေ့လာရမည် ဖြစ်ပါသည်။ မေးခွန်းများနှင့် အဖြေများအားလုံးသည် သမ္မာကျမ်းစာထဲမှဖော်ပြမည် ဖြစ်သည်။ ဘုရားသခင်၏စကားများသည် သင်လိုအပ်သောအမှန်တရားအားလုံးကို ဖော်ပြပေလိမ့်မည်။

ယနေ့အတွက် မေးခွန်းများ

- **ဘုရားသခင်သည် အဘယ်သူနည်း။**
- **ဘုရားသခင်ရဲ့သဘောသဘာဝက အဘယ်နည်း။**
- **ဘုရားသခင်ကို ကျွန်ုပ် မည်ကဲ့သို့ သိနိုင်မည်နည်း။**

## ၁ ဘုရားသခင်သည် အဘယ်သူနည်း။

### ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည်။

*ကရ ၁း၁* သမ္မာကျမ်းစာ၌ ပြောထားသည်မှာ “**အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။**”

ကမ္ဘာမြေကြီး (သို့) ကောင်းကင်နှင့်မြေကြီးဟူ၍ မရှိခဲ့သော နက်နဲသောအချိန်ကာလ ရှိခဲ့သည်။ ၎င်းကာလတွင် နေ့၊ ည မရှိပါ။ ထို့အပြင် ဖန်ဆင်းခံသက်ရှိများ မရှိပါ။ သက်ရှိပုဂ္ဂိုလ်တစ်ပါးတည်းသာ ရှိခဲ့ပါသည်။ ၎င်းမှာ ဘုရားသခင် ကိုယ်တော်တိုင်ပင် ဖြစ်ခဲ့ပါသည်။


*ကရ ၁း၃* သို့သော် ထိုဘုရားသခင်သည် လူယောကျ်ား၊ လူမိန်းမကို လုပသော ကမ္ဘာကြီးတွင် နေထိုင်ရန်
*(ကမ္ဘာဦး ကျမ်း* အတွက် ဖန်ဆင်းပေးရန် အလိုတော်ရှိခဲ့သည်။ အနတ္တအရာမှ အရာအားလုံးကို ဘုရားသခင်ဖန်ဆင်း
*အခန်းကြီး (၁)* ခဲ့သည်။ “အလင်းဖြစ်စေ” ဟု မိန့်မြွက်ခဲ့သည့်အခါ အလင်းဖြစ်ခဲ့သည်။ နှုတ်တော်ထွက် စကား
*အားလုံး* တော်နှင့်ပင် လူမှလွဲ၍ အရာအားလုံးကို ဖန်ဆင်းခဲ့သည်။ ကမ္ဘာလောကကြီးကို ဖန်ဆင်းပြီးသောအခါ
*ကိုဖတ်ပါ။)* ပထမဦးဆုံးသော လူသားများ ဖြစ်သော အာဒံနှင့်ဧဝကို ဖန်ဆင်းရန် အချိန်တန်ပါပြီ။

### ဘုရားသခင်သာလျှင် ဘုရားဖြစ်တော်မူ၏။

*တရား ၆း၄* ဘုရားသခင်သည် တစ်ပါးတည်းသာလျှင် ရှိသည်။ ဘုရားသခင်၏နှုတ်ကပတ်သမ္မာကျမ်းစာ၌ “**ငါတို့ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသောထာဝရဘုရား ဖြစ်တော်မူ၏**” ဟု
*ဆာလံ ၁၁၅း* ဖော်ပြထားပါသည်။ လူသားများသည် အမြဲတမ်း ၎င်းတို့၏ကိုယ်ပိုင်ဘုရားများနှင့် ရုပ်တု၊ ဆင်းတုများ
*၂-၈* ကို မည်သို့ပင် ဖန်တီးစေကာမူ ၎င်းအရာများသည် ဘုရားသခင်နှင့်လွန်စွာမှ ခြားနားလှသည်။
*၁ကော ၁၂း၂* ဖန်ဆင်းရှင် ဘုရားသခင်သည် စကားပြောနိုင်သည်။ သို့သော် လူတို့ဖန်တီးထားသောအရာများသည်

စကားမပြောနိုင်ပါ။ ဖန်ဆင်းရှင်ဘုရားသခင်သည် မြင်နိုင်သည်။ လူတို့ဖန်တီးသောအရာများသည် မမြင်နိုင်ပါ။ ဖန်ဆင်းရှင်ဘုရားသခင်သည် သင့်အား အကူအညီပေးနိုင်ပါသည်။ သို့သော် လူတို့ဖန်တီးထားသောအရာများသည် မကူညီနိုင်ပေ။

သင်သည် သစ်သား၊ ရွှံ့ သတ္တု၊ ကျောက်တုံးများနှင့်လုပ်သော ရုပ်တုများကို မယုံကြည် မကိုးစားသည်မှာ ဖြစ်နိုင်သည်။ ဒါဆို ဘုရားသခင်ဆိုတာ မည်သူနည်း။ သင်သည် မည်သူကိုပဲ စွဲလန်း၊ စွဲလန်း၊ မည်သူ့ကိုပဲ ကိုးစား ကိုးစား၊ ဥပမာ - သင်၏ပိုက်ဆံ၊ ရာထူးရာခံ၊ ရိုးရာဓလေ့များနှင့် သင့်ကိုယ်သင် ယုံကြည်ကိုးစားနေပါက ထိုအရာများသည် ကျွန်ုပ်တို့ကိုယ်တိုင် ဖန်တီးထားသောအရာများ ဖြစ်သည်။ သို့သော် ဖန်ဆင်းရှင်ဘုရားသခင်သည် လူသားများ ဖန်တီးထားသော ဘုရား မဟုတ်ပေ။ ရုပ်တုဆင်းတုများနှင့် အခြားသောဘုရားများနှင့် မတူညီပေ။ ဘုရားသခင်သာလျှင် အရာအားလုံးကို ဖန်ဆင်းသော ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ တစ်ဆူတည်းသောဘုရား ဖြစ်တော်မူ၏။




*ရုပ်တုဆင်းတုသည် သင့်အား မည်သည့်အချိန်၊ မည်သည့်အရာကိုမှ ပေးမည်မဟုတ်ပါ။*
*သို့သော် ဘုရားသခင်သည် သင့်အား ချစ်၍ မိမိ၏အကောင်းဆုံးကို သင့်အား ပေးတော်မူသည်။*

## ဘုရားသခင်သည် ဖခင်တစ်ဦးဖြစ်သည်။

လု ၃း၃၈ ဘုရားသခင်သည် အံ့ဩဖွယ်ရာ ချစ်စဖွယ်ကောင်းသော ဖခင်တစ်ဦးဖြစ်သည်။ သမ္မာကျမ်းစာက အာဒံသည် "ဘုရားသခင်၏သား" ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တော်စပ်သည်။ ကျွန်ုပ်တို့သည်လည်း အာဒံမှဆင်းသက်လာသောကြောင့် ဘုရားသခင်နှင့်စပ်ဆိုင်သည်။

မည်သည့်အကြောင်းအရာများက အဖေဖြစ်စေသနည်း။

ဆာ ၁၃၉း ၁၃-၁၆
- ဘုရားသခင်သာလျှင် သင်၏မူလပထမဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာအားဖြင့် မဟုတ်သော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား မွေးဖွားရန်အတွက် အစီအစဉ် ရှိခဲ့ပြီး ဖြစ်သည်။

မ ၆း၂၅-၃၃
- ဘုရားသခင်သည် သင့်ကို စောင့်ရှောက်နေသည်။ သင် အစာစားဖို့ ဝတ်ဆင်ဖို့နှင့် လုံခြုံစွာနေထိုင်ရန် ဘုရားသခင် အလိုရှိသည်။

မ ၆း၂၆
- သင်သည် ဘုရားသခင်အတွက် အလွန်အရေးပါသည်။ ဘုရားသခင်သည် သင့်အား အခြား

ဆာ ၈း၃-၈ သော သက်ရှိအရာဝတ္ထုများထက် ပို၍ကြွယ်ဝခြင်း၊ ဂုဏ်သိက္ခာနှင့် အခွင့်အာဏာများကို ပေးထားရုံမက၊ အသက်ရှိသောအရာများကို အစိုးရသောအခွင့်ကို ပေးထားသည်။

- ဘုရားသခင်သည် သင့်ကိုချစ်၍ သင်ပျော်ရွှင်နေပါက ဘုရားသခင်လည်း ပျော်ရွှင်နေပါသည်။
- နေ့ရက်တိုင်းမှာ သင်နှင့်အတူ မိဿဟာယဖွဲ့လျက် ရှိသည်။

## ၂ ဘုရားသခင်ရဲ့သဘောသဘာဝက ဘာလဲ။

သမ္မာကျမ်းစာတွင် ဘုရားသခင်နှင့်ပတ်သက်သည့်အကြောင်းများကို များစွာ ဖော်ပြထားသည်။ ဘုရားသခင်အကြောင်းကို ပိုမို သိရှိလိုပါက သမ္မာကျမ်းစာကို အစဉ်ဖတ်ရှုခြင်းသည် အကောင်းဆုံး နည်းလမ်း ဖြစ်ပါသည်။ ယနေ့ ဘုရားသခင်နှင့်ပတ်သက်၍ အရေးကြီးသောအကြောင်းအရာအချို့ကို အနည်းငယ် လေ့လာကြပါမည်။

### ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်။

၁ယော ၄း၈ ဘုရားသခင်သည် ကောင်းမြတ်သည်။ လူသားတိုင်းကိုချစ်သည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြသည်။ ဘုရားသခင်သည် သင် မမွေးဖွားမီကတည်းကပင် သင့်ကို သိလျက် ချစ်နေကာ၊ သင့်အတွက် အစီအစဉ်များကို ရေးဆွဲထားပြီးသား ဖြစ်သည်။ သင် တစ်စုံတစ်ရာကို မစဉ်းစားမီ မည်သည့်အကြောင်းအရာကို သင် စဉ်းစားမည်ကို သိသောဘုရား ဖြစ်သည်။ ဘုရားသခင်၏ကောင်းမြတ်ခြင်းများကြောင့် ဘုရားသခင်ကို ကျေးဇူးတင်သည့်ပုဂ္ဂိုလ် များစွာရှိကာ သမ္မာကျမ်းစာထဲ၌ ထိုအရာများနှင့် ပြည့်နက်နေသည်။

ဆာ ၁၃၆း၁ **ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။** ဆာလံကျမ်းသည် ဘုရားသခင်၏အံ့သြဖွယ်ရာ ကောင်းမြတ်တော်မူခြင်းများအကြောင်းကို ရေးသားထားသောသီချင်းများ ဖြစ်သည်။


### ဘုရားသခင်သည် ကြီးမြတ်တော်မူသည်။

ကျွန်ုပ်တို့အတွေးအခေါ် စိတ်ကူးများထက် ဘုရားသခင်သည် သာ၍ ကြီးမြတ်တော်မူသည်။ ပရောဖက် ဟေရှာယ ပြောသည့်အချက်ကို

ဟေရှာယ ၄၀း ၁၀-၁၅ နားထောင်ကြည့်ပါစို့။ **"ရေများကို လက်ဖြင့် ခြင်သောသူ၊ မိုယ်းကောင်းကင်ကို မိုမိုလက်ဖြင့် ထွာသောသူ၊ မြေမှုန့်ကို တင်းတောင်းဖြင့် ချင့်တွက်သောသူ၊ တောင်ကြီးကို ချိန်ခွင်ဖြင့်၄င်း၊ တောင်ငယ်ကို ကပ်ပယ်ဖြင့်၄င်း ချိန်သောသူကား အဘယ်သူနည်း။"** အကယ်၍ သင်သည် ဘုရားသခင်၏သူငယ်ချင်း၊ ဘုရားသခင်၏သား ဖြစ်ပါက သင့်တွင် အလွန်ပင် အင်အားကြီးသော

ဆာ ၄၆း၁ ဖခင်နှင့် သူငယ်ချင်း ရှိသည်ကို ဤကျမ်းချက် အားဖြင့် သိရှိပါ။ ဘုရားသခင်သည် သင်၏

လု ၁၀း၁၉ ခိုလှုံရာရဲတိုက်နှင့် အစွမ်းသတ္တိဖြစ်တော်မူသည်။ ဘုရားသခင်သည် သင့်အား ကူညီရန် အသင့် ရှိနေတော်မူသည်။



## ဘုရားသခင်သည် သန့်ရှင်း၍ ဖြောင့်မတ်တော်မူသည်။

ဘုရားသခင်သည် သန့်ရှင်း၍ ဖြောင့်မတ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် မှားယွင်းသော အရာများ၊ အပြစ်နှင့်ပြည့်နေသောအရာအားလုံးကို မုန်းတော်မူသည်။ ဘုရားသခင်သည် ကမ္ဘာကြီးအား ဖန်ဆင်း၍ ကျွန်ုပ်တို့သည် သဘာဝတရားနှင့် တစ်ဦးပေါ် တစ်ဦး မည်ကဲ့သို့ သင့်တင့်လျောက်ပတ်စွာ နေထိုင်ရမည်ကိုလည်း သိတော်မူသည်။ ကျွန်ုပ်တို့တွင် ဤကမ္ဘာကြီးနှင့် လူသားအချင်းချင်းအား ဖျက်ဆီးဖို့ရန် အခွင့်အရေး မရှိပါ။ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာကြီးအား ကာကွယ်ရန် သက်ရှိ ဘဝနေထိုင်မှုနှင့် ဆိုးညစ်သောအရာများကို ထိန်းချုပ်ရန် ဥပဒေများကို ပေးထားတော်မူခဲ့သည်။

*တရား ၄း၂၄* ဘုရားသခင်သည် မီးဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြသည်။ “**အကြောင်းမူကား သင်တို့၏ ဘုရားသခင်သည် လောင်သောမီး၊ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား ဖြစ်တော်မူ၏**” တစုံတယောက်မှ၊ ဘုရားသခင်နှင့် တွေ့ဆုံခြင်း၊ နေထိုင်ခြင်းအခွင့်ကို ရရှိနိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူသားအားလုံးသည် အပြစ်နှင့် ပြည့်နက်နေသောကြောင့် ဖြစ်သည်။ ဤအကြောင်းအရာက မည်သူသည် ဘုရားနှင့်အတူ နေဖို့ အခွင့်အရေး ရှိ၏လော။ ရှိပါသည်။ သခင်ယေရှုအားဖြင့် ဖြစ်နိုင်ပါသည်။ ဘုရားသခင်နှင့်အတူနေပြီး မိဿဟာယဖွဲ့နိုင်ရန်အတွက် နည်းလမ်း တစ်ခုကို ဘုရားသခင် ဖန်တီးပေးထားသည်။ ကျွန်ုပ်တို့ဘဝတွင် မှားယွင်းမှုများစွာရှိသော်လည်း ဘုရား သခင်သည် အခွင့်အရေးပေးထားသည်။ ဤအကြောင်းအရာကို နောက်သင်ခန်းစာတွင် ရှင်းပြပါမည်။



## ၃ ဘုရားသခင်ကို ကျွန်ုပ် ဘယ်လိုသိနိုင်လဲ။

### • သမ္မာကျမ်းစာအားဖြင့်

ကျွန်ုပ်တို့ ဘုရားသခင်ကို သိနိုင်ရန် အဓိကအကျဆုံး အရင်းအမြစ်က သမ္မာကျမ်းစာပင် ဖြစ်သည်။ သမ္မာကျမ်းစာဆိုတာ ဘုရားသခင်ရဲ့စကားတော် ဖြစ်တယ်။ ၄င်းက ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် *ဆာ ၁၁၉း ၁၃၀* ပတ်သက်၍ သိအပ်သောအရာများအားလုံးကို ပြောပြပါမည်။ ဘုရားသခင်၏စကားတော်သည် သွန်သင်မှုပေး၍ အလင်းပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့် ဤသင်ခန်းစာများ၏ အရာအားလုံးသည် သမ္မာကျမ်းစာပေါ်တွင် အခြေခံထားပါသည်။ သမ္မာကျမ်းစာမှ ပြောထားချက် အားလုံးသည် မှန်ကန်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၄င်းအပေါ်တွင် ယုံကြည်အားထား စိတ်ချနိုင်သည်။

### • သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူသည်။ သင် ဤသင်ခန်းစာများကို စတင် လေ့လာချိန်တွင် ဝိညာဉ်တော်အား ဦးဆောင်ခွင့်ပြုပါက ဝိညာဉ်တော်သည် သင် သမ္မာကျမ်းစာကို *ယော ၁၆း၁၃* ဖတ်ရှုစဉ်တွင် သင့်အား အလင်းပေးကာ ဖွင့်ပြပေလိမ့်မည်။ “သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။” ယနေ့မှစ၍ သင် ဝိညာဉ်တော်ဘုရားကို ဆုတောင်းနိုင်သည်။

***သန့်ရှင်းသောဝိညာဉ်တော်ဘုရား၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်နိုင်ရန်နှင့် ယုံကြည်ခြင်း ကြီးထွားစေဖို့ရန် ကျွန်ုပ်အား ဖွင့်ပြပေးပါ။ သခင်ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။***

#### ဂုဏ်ယူပါတယ်။

သင် ပထမသင်ခန်းစာကို ပြီးမြောက်ခဲ့ပါပြီ။ ယခု သင်လက်တွေ့လုပ်ဆောင်ရမည့် အခန်းကဏ္ဍ ဖြစ်ပါတယ်။ **သမ္မာကျမ်းစာအမေးအဖြေ**က သင့်အား သမ္မာတရားကို ကိုယ်တိုင်ရှာဖွေတတ်ရန် နှင့် သင်မည်သည်တို့ကို သင်ယူခဲ့သည်ကို အထောက်အပံ့ပေးပါလိမ့်မယ်။

## *သမ္မာကျမ်းစာအမေးအဖြေ*

**လေ့ကျင့်ခန်း (၁)** **ဆာလံ ၆၂ နှင့် ၁၀၃ တို့ရှိ ဘုရားသခင်၏ဖော်ပြချက်အားလုံးကို စာရင်းပြုစုပါ။**

**လေ့ကျင့်ခန်း (၂)** **ဘုရားသခင်သည် မည်သူနည်း။ (သို့) သင်မည်သူကို ယုံကြည်ကိုးစားသနည်း (သို့) ယနေ့ သင်၏ဘုရားများသည် မည်သည့်အရာများ ဖြစ်ကြသနည်း။**

**လေ့ကျင့်ခန်း (၃)** **ကမ္ဘာဦးကျမ်း (၁–၂)မှ ဖန်ဆင်းခြင်းနှင့်ပတ်သက်သောအကြောင်းအရာများကို ဖတ်ပါ။ ဤနေရာတွင် သင် ဖတ်ထားသောအရာကို အကျဉ်းချုပ်ရေးပါ။**

**လေ့ကျင့်ခန်း (၄)** **အဖဘုရားသခင်သည်  သင့်ကို ကာကွယ်စောင့်ရှောက်နေသည်။ အောက်ဖော်ပြပါ ကျမ်းပိုဒ်များသည် ဒုက္ခအခက်အခဲ ရင်ဆိုင်ရချိန်နှင့် ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအတွက် ဖော်ပြချက်များ ဖြစ်သည်။ ဤကျမ်းပိုဒ်များကို သင်၏ ကျမ်းစာထဲတွင် သေချာစွာ မှတ်သား၍ (မျဉ်းတား၍) ပြန်ရေးချပါ။**

| | |
|---|---|
| **ငြိမ်သက်ခြင်း** | ယော ၁၄း၂၇ |
| **အနာရောဂါငြိမ်းခြင်း** | ထွက် ၁၅း၂၆၊ မ ၈း၁၇၊<br>၁ပေ ၂း၂၄ |
| **အစားအသောက်နှင့်အကာအကွယ်** | မ ၆း၂၅ – ၃၃ |
| **ခွင့်လွှတ်ခြင်း** | ၁ယော ၁း၉ |
| **ကြောက်ရွံ့ခြင်း** | ဟေရှာ ၄၁း၁၀ |
| **ပျော်ရွှင်ခြင်း** | ဟေရှာ ၆၁း၃ |
| **အထီးကျန်ခြင်း** | မ ၂၈း၂၀ |
| **ခွန်အားဖြစ်စေခြင်း** | ရောမ ၈း၁၁ |

**တော်ပါပေသည်။**

ယခုအချိန်သည် ကျွန်ုပ်တို့လေ့လာခဲ့သောအရာများကို လက်တွေ့ဘဝတွင် အမှန်တကယ် အသုံးချရန် ဖြစ်သည်။

## လုပ်ဆောင်ချက်



**ယုံကြည်ခြင်းကိုအကျင့်အားဖြင့် သက်သေပြရသည်။ (ယော ၂း၁၇)**
သင်ခန်းစာတစ်ခုချင်းစီတွင် ကျွန်ုပ်တို့ လက်တွေ့လုပ်ဆောင်ရမည့်အရာများ တစ်စုံတစ်ခု ရှိပါလိမ့်မည်။ သင် စာဖတ်သကဲ့သို့သာ ဖတ်သည်။ ပြောသာ ပြောသည်။ (သို့) စဉ်းစားသာ စဉ်းစားသည်။ မည်သည့်အခါမှ လက်တွေ့မလုပ်ဆောင်ပါက သင်၏ယုံကြည်ခြင်းသည် အလုပ်လုပ်မည်မဟုတ်ပေ။



- **ချီးမွမ်းခြင်း**

**ဘုရားသခင်ကိုချီးမွမ်းရန်နှင့် ကျေးဇူးတင်ခြင်းသည် အလွန်အရေးကြီးသည်။**

**ယခု ဘုရားသခင်ကို မည်ကဲ့သို့ ချီးမွမ်းရမည်ကို လေ့လာသင်ယူပါ။**

✔ သင့်ရဲ့စာအုပ်များနှင့်အလုပ်များကို **ခဏထားလိုက်ပါ။**

✔ အကယ်၍ လုပ်နိုင်မယ်ဆိုရင် ဘုရားရဲ့ရှေ့တော်မှောက်မှာ ရှိသေလေးစားသည့် စိတ်ထားဖြင့် **မတ်တပ်ရပ်ပါ။ သို့မဟုတ်  ဒူးထောက်လိုက်ပါ။**

✔ **သင့်ရဲ့လက်အုပ်ချီပါ။ သို့မဟုတ် လက်များကို မြှောက်လိုက်ပါ။** မျက်လုံးများကို မှိတ်လိုက်ပါ။ ပြီးတော့ “... အတွက် ကျေးဇူးတင်ပါတယ် ဘုရားသခင်” ဆိုပြီး၊ ဘုရားသခင် ပြုခဲ့တဲ့ အံ့ဩဖွယ်ရာအမှုများအတွက် သင့်ကိုယ်ပိုင်စကားလုံးများနဲ့ ကျေးဇူးတင်လိုက်ပါ။

✔ အကယ်၍ သင် အလိုရှိမယ်ဆိုရင် ဆာလံ ၆၃ ကို ဖတ်ရွတ်လိုက်ပါ။

***အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင် ဖြစ်တော်မူ၏။***
***ကိုယ်တော်ကိုကြိုးစား၍ ရှာပါ၏။***
***ရေမရှိ သွေ့ခြောက်သောလွင်ပြင်၌ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို ငတ်ပါ၏။***
***အကျွန်ုပ်၏ကိုယ်ခန္ဓာသည်လည်း ကိုယ်တော်ကို လွမ်းဆွတ်ပါ၏။***

*(သင့်ရဲ့ကျမ်းစာအုပ်ထဲမှာ ရှာဖွေပြီး ဆာလံ ၂၃၊ ၉၁၊ ၁၅၀ စတဲ့ကျမ်းချက်တွေကို ဖတ်လိုက်ပါ)*

---

**တစ်ရက်မှာ** အနည်းဆုံး **တစ်ကြိမ်**ပြုလုပ်ပါ။ သင့်ရဲ့ကျန်ရှိတဲ့ဘဝအသက်တာအတွက် နေ့တစ်နေ့ကို ဘုရားသခင်ကိုချီးမွမ်းခြင်းဖြင့် အစပြုခြင်းသည် အကောင်းဆုံးအရာပင် ဖြစ်ပါသည်။

မနက်ဖြန် မနက်စောစော ၁၅ မိနစ်လောက် **နာရီကိုအချက်ပေးထားပြီး**၊ ထိုအချိန်တွင် ဘုရားသခင်ကို ချီးမွမ်းခြင်းဖြင့် ကုန်ဆုံးစေပါ။ **ဘုရားသခင်က  သင့်ကို  စိတ်ပျက်လိမ့်မည်  မဟုတ်ပါ။**

**အတူတကွ ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပါ။**
အခြားသောယုံကြည်သူများနှင့် ပေါင်းစည်းရန် ကြိုးစားပြီး ဘုရားသခင်ကို အတူတကွ ချီးမွမ်းခြင်းဖြင့် အစပြုပါ။ ပုံမှန်ထိုသို့ပြုလုပ်ပါက ဤလုပ်ဆောင်မှုက သင့်ရဲ့ဘဝကို ပြောင်းလဲလိမ့်မယ် (တမန် ၂း၄၆၊ ၄၇)

## သတိရမှတ်မိစေရန် ရေးသားချက်

**မှတ်သားထားပြီး ဘုရားသခင်ရဲ့နှုတ်တော်ထွက်စကားကို ပြောဆိုပါ။**

သင်ခန်းစာတစ်ခုမှာ မှတ်သားထားရန် သမ္မာကျမ်းပိုဒ်များ ပါဝင်ပါတယ်။ အဲဒါတွေကို စာရွက်ပေါ်မှာ ချရေးပါ။ နေ့တိုင်းမှာ ဤကျမ်းပိုဒ်တွေ အကြိမ်ကြိမ် ဖတ်ပါ။ သင် ကားပေါ်မှာ ရှိနေချိန်၊ နားနေချိန် ဒါမှမဟုတ် မိသားစုဝင်များနှင့် အတူတကွ အစားအစာသုံးဆောင်နေချိန်မှာဖြစ်ဖြစ် ပြုလုပ်နိုင်ပါတယ်။

**"ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။"** *(ဆာလံ ၁၃၆း၁)*

**"ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကို ချစ်၍ ငါတို့၏အပြစ် ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ၊ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။"** *(၁ယော ၄း၁၀)*

# သခင်ယေရှုသည် အံ့ဩဖွယ်ကောင်းသည့် ကယ်တင်ရှင် ဖြစ်တော်မူသည်

**သင်ခန်းစာပါအကြောင်းအရာများ။**

*ဘဝအတွက် လမ်းစ* စာအုပ်ရဲ့သင်ခန်းစာ(၂)မှ ကြိုဆိုလိုက်ပါတယ်။ ဘုရားသခင်က သင့်ရဲ့ သမ္မာကျမ်းစာမှတဆင့် သင့်ကိုစကားပြောနေတယ်ဆိုတာကို ကျွန်ုပ်တို့ ယုံကြည်ကြပါတယ်။ ဘုရားသခင်က သင့်ကို ဆက်ပြီး စကားပြောမယ်ဆိုတာက သေချာနေပါတယ်။ ဒီမှာရှိတဲ့ သန့်ရှင်းသောဝိညာဉ်တော်က သင့်ကိုကူညီပေးပါတယ်။
ယနေ့အကြောင်းအရာတွေက

- **ဘုရားသခင်၏သားသမီးအဖြစ် သင့်ကို ဘုရားသခင် အလိုရှိပါတယ်။**
- **အပြစ်က သင့်ကို ဘုရားနဲ့ ဝေးစေပါတယ်။**
- **သခင်ယေရှုအားဖြင့် သင့်ကို ကယ်တင်နိုင်ပါတယ်။**



## ၁ ဘုရားသခင်က သင့်ကို သူ့ရဲ့သားသမီးအဖြစ် အလိုရှိပါတယ်။

### ဘုရားသခင်က သင့်ကို သားသမီးဖြစ်ဖို့ အမှန်တကယ်အလိုရှိပါတယ်။

၁တိ ၂း၄ ဘုရားသခင်က အံ့ဘွယ်ဖခင်တစ်ဦး ဖြစ်ပါတယ်။ ဘုရားသခင်က ယောက်ျား၊ မိန်းမနဲ့ ကလေးတိုင်းကို
ဗျာ ၂၀း၁၅ မိမိဆီလာရန်နှင့် သူတို့ကို ကယ်တင်ရန် အလိုရှိပါတယ်။ အသက်စာစောင်မှာ သင့်ရဲ့နာမည်ကိုရေးဖို့နဲ့
လု ၁၀း၂၀ ထာဝရအသက်ကိုပေးရန် အလိုရှိနေပါတယ်။ သင် ဒီနေ့ သေသွားလျှင်ပင် ကယ်တင်ခြင်းခံရမည်
ယော ၁၁း၂၅ ဖြစ်ပေသည်။ ဒီနေ့သင်ခန်းစာရဲ့ရည်ရွယ်ချက်က ဘုရားသခင်က သင့်ကိုအသိအမှတ်ပြု လက်ခံထား
တယ်ဆိုတာကို သင်သိရှိရန်နှင့် နလုံးသားထဲမှာ နက်နက်နဲနဲ စွဲမြဲနေစေရန် ဖြစ်တယ်။ သို့သော်လည်း ပထမဦးဆုံး သင် သိသင့်သော သမ္မာတရားများကို ကျွန်ုပ်တို့ ရှင်းပြပါမည်။ ၎င်းအရာများသည် သင်၏ ဘဝကို ပြောင်းလဲပေးလိမ့်မည်။

### ဘုရားသခင်က သင့်ကို သင်၏ရန်သူတို့လက်မှ ကယ်တင်ပေးချင်ပါတယ်။

ဘုရားနဲ့ သင့်မှာ ရန်သူတွေ ရှိနေပါတယ်။ ဘုရားသခင်ကို တွန်းလှန်ရန်၊ ဆန့်ကျင်ဘက်ပြုရန် သူက သင့်ကို အမြဲတမ်း ချောင်းမြောင်းနေပါတယ်။ သူ့အမည်ကတော့ စာတန် ဖြစ်ပါတယ်။ သူ့အမည်နဲ့
ယော ၁၀း၁၀ အဓိပ္ပါယ်ကတော့ စွပ်စွဲသူ ဖြစ်ပါတယ်။ စာတန်က သင့်အား အားလပ်ချိန် မရရှိရန်နှင့် ပျော်ရွှင်၍
တည်ငြိမ်သောဘုရား၏သားသမီးဘဝမှ ရပ်တန့်ပစ်ချင်သည်။ သူက ခိုးဖို့၊ သတ်ဖို့၊ ဖျက်ဆီးဖို့အတွက် ရောက်လာတာပါ။ ဒါပေမယ့် သင် မစိုးရိမ်ပါနဲ့။ ဘုရားသခင်က စာတန်ကို

ဘယ်လိုကိုင်တွယ်ရမလဲဆိုတာကို သိနေပါတယ်။ အောင်မြင်မှုကို ဘုရားသခင်၏သားတော် ယေရှုခရစ်အားဖြင့် ရရှိခဲ့ပြီးသား ဖြစ်ပါတယ်။ ထို့ပြင် သင့်ကို ထာဝရအသက်ကိုပေးရန်အတွက် လောကကို ကြွလာခဲ့ပါတယ်။ အဲဒီ ထာဝရအသက်က လူသားအားလုံး နှင့် သင် အပါအဝင် သက်ဆိုင်နေနိုင်သည်။ သင် သာ၍ ရှင်းလင်းစွာသိရန်အတွက် ပထမဦးစွာ စာတန်သည် လူသားမျိုးနွယ်များအား မည်ကဲ့သို့ ချုပ်ကိုင်ထားခြင်းနှင့် သူ၏တန်ခိုးအာဏာအောက်မှ သင် မည်ကဲ့သို့ လွတ်မြောက်နိုင်သည်ကို ရှင်းပြပါသည်။ အစမှအဆုံးအထိ သေချာစွာ ဖတ်ပါ။ သင့်အတွက် ဘုရားသခင်၏အံ့ဩဖွယ်ရာအဖြေကို သင် မြင်တွေ့လာပါလိမ့်မယ်။

## ၂ အစအဦး၌ အလုံးစုံသည် ပြည့်စုံခဲ့သည်။

က ၁း၂၆-၂၇ အစအဦး၌ အပြစ်ဆိုသည့်အရာသည် မရှိခဲ့ပေ။ ဘုရားသခင်သည် လူယောကျ်ား၊ အာဒံနှင့် လူမိန်းမ
က ၁း၃၁ ဧဝကို ဖန်ဆင်းပေးခဲ့သည်။ သူတို့သည် အံ့ဩဖွယ်ရာ ဖန်ဆင်းခံများထဲတွင် အထွတ်အထိပ်
(ကမ္ဘာဦးကျမ်း အခန်းကြီး ၁နှင့်၂အား ဖတ်ပါ) ဖြစ်သည်။ ထို့အပြင် ၎င်းတို့အား ကောင်းမွန်သည်ဟု မြင်တွေ့ခဲ့သည်။

ဘုရားသခင်သည် အာဒံနှင့်ဧဝအား ပြည့်စုံသောလွတ်လပ်မှုကို ပေးခဲ့သည်။ ဘုရားသခင် သည် သူတို့အား အံ့ဩဖွယ်ရာကမ္ဘာကြီးနှင့် လိုအပ်မှုများကို ဖြည့်ဆည်းပေးတွေ့စေခဲ့သည်။ သူတို့တွင် ပျော်ရွှင်မှု၊ ကျန်းမာမှု၊ အံ့ဩဖွယ်ကောင်းသောနေရာတွင် နေရန်နှင့် သစ်ပင်သစ်သီးများနှင့် ပြည့်ဝသော ဥယျာဉ်ကြီးတွင် အလိုရှိတိုင်း အစိုးရရန် အခွင့်ပေးထားသည်။ ၎င်းအကောင်းဆုံး အရာများထဲမှာ အနက်နဲဆုံးသောအရာတစ်ခုမှာ သူတို့ကိုယ်တိုင် ဘုရားသခင်နှင့် မိဿဟာယရှိခြင်း ဖြစ်သည်။ အာဒံနှင့်ဧဝသည် ဘုရားသခင်၏သားသမီးများ ဖြစ်သည်။ ထို့အပြင် ဘုရားသခင်၏ သူငယ်ချင်းများလည်း ဖြစ်သည်။ သမ္မာကျမ်းစာက ပြောထားသည်မှာ ဘုရားသခင်က သူတို့နှင့်အတူ တစ်နေ့တာ၏အေးမြသော၊ နေအေးသောအချိန်တွင် အတူတကွ လမ်းပင် လျှောက်ကြသည်ဟု ဆိုထားသည်။ ယခု ဤအခွင့်အရေး ရပ်သွားပါပြီ။ ပြီးတော့ လှပတဲ့ဥယျာဉ်တွင် ဘုရားသခင်နှင့်အတူ လမ်းလျှောက်နေသည်ဟု စိတ်ကူးကြည့်ပါ။

## ၃ လွတ်လပ်ခြင်းသည် မှားခြင်းမှန်ခြင်းအား ပြုလုပ်ရန် ဖြစ်သည်။

**ဘုရားသခင်သည်သင့်အားမှန်ကန်စွာဦးဆောင်သည်**




ဘုရားသခင်သည် အံ့ဩဖွယ်ရာ ဖခင်တစ်ဦး ဖြစ်သည်။ ထို့အပြင် မိမိ၏သားသမီးအား လွတ်လပ်စွာနေရန် သဘောကျသည်။ ထို့ကြောင့် သားသမီးများအား လွတ်လပ်သော အခွင့်အရေး ဖန်ဆင်းထားသောအရာများ အပေါ်တွင် ပေးခဲ့သည်။ လှပသော သစ်ပင်များ၊ စိမ့်စမ်းများ၊ ဖန်ဆင်းထားသော
က ၂း၈ တိရစ္ဆာန်များ အပေါ်တွင် အုပ်စိုးရန် အခွင့်အာဏာ ပေးထား သည်။ သို့သော် တားမြစ်ချက်တစ်ခုမှာ ကောင်း၊ မကောင်းသိကျွမ်းရာအပင်ကို မထိ မကိုင်ရန်နှင့် အသီးမစားရန် ဖြစ်သည်။ အဲဒီ
က ၂း၁၇ သစ်ပင်သည် အထူးတလည် ဖန်ဆင်းခြင်း ဖြစ် သည်။ အကယ်၍ သူတို့ ထိုအရာကို စားခဲ့ပါက ဧကန်အမှန်

သေရမည်ဖြစ်သည်။ ဘုရားသခင် က ထိုအရာသည် သူတို့အား ပျက်စီးစေမည် ဆိုသောအချက်ကို သိ၍ သူတို့ကို ကာကွယ်ချင်ခဲ့သည်။

အဲဒီအချက်တစ်ချက်သည် တစ်ခုတည်းသော စည်းကမ်းချက် ဖြစ်သည်။ သို့သော် သင့်ကို ထိုစည်းကမ်းချက်ကို ပေးမည်ဆိုလျှင် သင် ရွေးချယ်စရာ ဖြစ်ပေမည်။ သင် နားထောင်မည်လော (သို့) ငြင်းဆန်မည်လောဟု ရွေးချယ်နိုင်သည်။ သို့သော် သင် ရွေးချယ်မှု၏အကျိုးရလဒ်ကို သင် ရင်ဆိုင်ရပေမည် ဖြစ်သည်။ ယခု ဇာတ်လမ်းရဲ့ဝမ်းနည်းစရာအပိုင်းက စတင်ပါပြီ။


## ၄ စာတန်က သူတို့အား အရူး လုပ်ခဲ့သောကြောင့် သူတို့အပြစ် ဖြစ်ခဲ့သည်။

စာတန်က မြွေအသွင် ယူ၍ သူသည် အခွင့်အရေးကို မြင်စေခဲ့သည်။ အကယ်၍ အာဒံနှင့် ဧဝအား
က ၃း၁-၆ လှည့်ဖြားခဲ့မည်ဆိုလျှင် သူတို့သည် ဘုရားသခင်အား ပုန်ကန်မည်ဖြစ်သည်။ စာတန်သည် ဘုရား ပြောခဲ့သောစကားများကို လှည့်စားကာ၊ အကယ်၍ သူတို့အသီးစားလျှင် ဘုရားနှင့်တူလာမည် ဆိုသောအရာအပေါ်တွင် ယုံကြည်အောင် သွေးဆောင်ခဲ့သည်။ စာတန်သည် သူတို့အား အရူးလုပ်ခဲ့သည်။ သို့သော် သူတို့ထဲတွင်ရှိသော အတွင်းစိတ်က စာတန်၏စကားများကို ဆာမွတ်ခဲ့သည်။

အမှန်တကယ် ဘုရားက ကာကွယ်ရန် အလိုတော်ရှိခဲ့သော်လည်း အာဒံနဲ့ဧဝက ဘုရားသခင် သူတို့အတွက် လုပ်ပေးခဲ့သောအရာများအားလုံးနဲ့ ပြောခဲ့သောစကားများအားလုံးကို မေ့နိုင်ရန် ရွေးချယ်ခဲ့ သည်။ သူတို့သည် အံ့သြဖွယ်ရာဖခင်နှင့် သူငယ်ချင်းဖြစ်သော ဘုရား၏အသံကို နားထောင်ရမည့်အစား စာတန်၏
ယာ ၁း၁၄ စကားကို နားထောင်ခဲ့သည်။ သူတို့ရဲ့နတ်ဆိုးလိုအင်ဆန္ဒက ဘုရားထံတော်မှအဝေးကိုထွက်ခွာရန် တူးဆွပေးခဲ့ပါတယ်။ ဘုရားသခင်က သူတို့အား အမြဲတမ်း ဝိညာဉ်ရေးရာ ထာဝစဉ်သေဖို့ဦးတည်နေခြင်းကို အလိုမရှိပါ။ ထို့ကြောင့် ဘုရားသခင်သည် အသက်ပင်ကို စားရန် ပိတ်ပင်ခဲ့သည်။ အကျိုးရလဒ်အနေနဲ့ သူတို့အပြစ်ထဲမှ ကျရောက်ပြီး ကြီးမားသောဘေးဒုက္ခဆိုသည့်အရာကို စတင်ရရှိခဲ့သည်။

## ၅ ဘုရားသခင်နှင့် ဝေးကွာခြင်း။

အံ့သြဖွယ်ရာများ ပြည့်နက်နေသော ဥယျာဉ်တော်ထဲမှ ချက်ခြင်းဆိုသလိုပဲ အာဒံနဲ့ဧဝ ထွက်ခွာခဲ့ရသည်။ အဆိုးရွားဆုံးမှာ ဘုရားသခင်နှင့် မိဿဟာယမရှိတော့ခြင်း ဖြစ်သည်။ **သေခြင်းတရားသည် စတင် ဝင်ရောက်လာခဲ့သည်။** သူတို့၏ခန္ဓာပိုင်း ဆိုင်ရာ သေခြင်းမျိုးမဟုတ်ဘဲ၊ သူတို့အထဲမှာရှိသော ဝိညာဉ်ရေးဆိုင်ရာ သေခြင်း ဖြစ်သည်။ ၄င်းသည် မီးပိတ် လိုက်သကဲ့သို့ ဖြစ်သွားသည်။ စာတန်၏
ယာ ၁း၁၅ အကြံအစည် အောင်မြင်ခဲ့သည်။ “၄င်းဆန္ဒကို ရရှိလက်ခံပြီးသည်နောက်တွင် အပြစ်တရား စတင် မွေးဖွားခဲ့သည်။ ၄င်းအရာသည် မြေတပြင်လုံး ပြည့်နက်သည့်အခါ သေခြင်း တရားကို ဖြစ်ပွားစေသည်။”



ကော ၁း
၁၃-၁၄




ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးအား သူ၏ အလင်း နိုင်ငံတော်ထဲသို့ ရွှေ့လျားစေချင်သည်။

ဖက် ၂း၁-၂

**ဘုရားသခင်၏နိုင်ငံတော်နှင့် စာတန်၏ နိုင်ငံတော်ဟူ၍ နိုင်ငံ၂မျိုး တစ်မျိုးနှင့်တစ်မျိုး မတူညီဘဲ ကွဲပြားစွာ တည်ရှိနေသည်။** အာဒံနှင့် ဧဝ သည် ဘုရားသခင်၏အထံတော်မှ ဝေးကွာသွားခဲ့ပြီး ဖြစ်သောကြောင့် သူတို့သည် အမှောင်နိုင်ငံတော်ထဲ၌ ရှိနေကြသည်။ သမ္မာကျမ်းစာက "သင်တို့သည် အထက်က လောကီတရားသို့လိုက်၍ အာကာသ ကောင်းကင်၏တန်ခိုးကို အစိုးရသော မင်းတည်း ဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သော ဝိညာဉ်အလိုနှင့်အညီ၊ ဒုစရိုက် အပြစ်တို့၌ ကျင်လည်ကြ၍ ထို ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။"

အလွန်တရာမှ ကောင်းမွန်ကြီးကျယ်သောအာဒံနှင့်ဧဝ၏ဘဝများသည် ပြောင်းလဲခဲ့သည်။ အစားအစာကို ရရှိဖို့ရန်အတွက် သူတို့ အလွန်တရာမှ ရုန်းကန်ခဲ့ကြရသည်။ သေခြင်းတရားဆိုသည့် အရာကလည်း စတင်လာခဲ့သည်။ ဧဝ၏ပထမဦးဆုံးသောသားသည် ညီအား သတ်ခဲ့သည်။
က ၄း၁-၁၂
အဘယ်ကြောင့်ဆိုသော် မနာလိုသောကြောင့် ဖြစ်သည်။ မကြာမီမှာပဲ လူသားအားလုံးရဲ့ အတွေးအခေါ် တွေဟာ မကောင်းမှုတွေနဲ့ ပြည့်နှက်လာခဲ့တယ်။ သူတို့တွေ လိင်ပိုင်းဆိုင်ရာ အပြစ်တွေကို လုပ်ဆောင်လာကြပြီး မာနတရားတွေနဲ့ ဖြည့်ခဲ့ကြတယ်။ ယေဘုယျအားဖြင့် အပြစ်တရားက စတင်ပြီး ကျယ်ပြန့်လာခဲ့သည်။


## ၆ သင်နှင့်ကျွန်ုပ်၌လည်း အပြစ်များ ရှိခဲ့သည်။

ထိုအချိန်ကတည်းက အာဒံ၏သားသမီးများအားလုံးနှင့် ကျွန်ုပ်တို့အပါအဝင် လူသားအားလုံးသည်
ရော ၃း၂၃
အပြစ်တရားကို ရရှိခဲ့ကြသည်။ သမ္မာကျမ်းစာက ရှင်းလင်းစွာ ဖော်ပြထားသည်မှာ "အဘယ်ကြောင့် နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။" ထိုအရာကို သင်၏အထဲတွင် ခံစားနေရသည်။ သင်သိနှင့်ပြီးသား ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "လူအပေါင်း" ဟု ပြောထားသောကြောင့် ယောက်ျား၊ မိန်းမနှင့် ကလေးတိုင်း၊ လူသားအားလုံးပါဝင် နေသည်။ အာဒံနှင့်ဧဝပြုခဲ့သောအမှုကြောင့် ကျွန်ုပ်တို့အားလုံး ထာဝရသေခြင်း၌ လမ်းဆုံးရမည် ဖြစ်သည်။ ဘုရားသခင်သည် အလွန်ကောင်းမြတ်သည်။ စာတန်၌ အဆုံးသတ်စကားလုံး မရှိပါ။ ဘုရားသခင်မှာ ကယ်တင်ခြင်း စီမံကိန်းရှိခဲ့ပြီး အဆုံးသတ်စကားလုံးသည် ယေရှုပင် ဖြစ်သည်။

## ၇ သခင်ယေရှု – ပြီးပြည့်စုံသောအဖြေ

အခု ဘုရားသခင် ဘာလုပ်မှာလဲ။ ဘုရားသခင်အထံတော်မှ အာဒံ၊ ဧဝ အပါအဝင် လူသားအားလုံး ထွက်ခွာခဲ့သောကြောင့် ဘုရားသခင်သည် မိမိ၏သားသမီးများ၊ သူငယ်ချင်း၊ မိတ်ဆွေများကို ဆုံးရှုံး ခဲ့သည်။ ထို့အပြင် ထိုအချက်သည် လူသားမျိုးနွယ်တစ်ရပ်လုံးကို အမှောင်တန်ခိုးအောက်ကို ကျရောက်စေခဲ့သည်။ ဘုရားသခင်သည် ထိုလူသားများ မိမိကိုယ်ပိုင်တန်ခိုးအစွမ်းအစများနှင့် ထိုအပြစ်တရားလက်အောက်မှ မည်သို့မျှ မလွတ်မြောက်နိုင်သည်ကို သိသည်။ ထို့အပြင် စာတန် သည် သူတို့အားလုံးကို လွှမ်းမိုးချုပ်ကိုင်မည်ကို ဘုရားသခင် သိနှင့်ပြီးသား ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သူတို့မှာ အပြစ်ရှိနေသောကြောင့် ဖြစ်သည်။

## လမ်းတစ်လမ်း



ဘုရားသခင်၏သားတော် သခင်ယေရှုသည်သင်နှင့် ကျွန်ုပ်ကိုယ်စား ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။

ထာဝရသေခြင်းမှ ကယ်တင်ရန်အတွက် နည်းလမ်း တစ်လမ်းသာ ရှိပါသည်။ တစ်စုံတစ်ဦးက လူတို့ရဲ့အပြစ် အားလုံးကို ဝင်ရောက်ခံယူပြီးလွတ်မြောက်စေခဲ့ရမည်။ ထိုပုဂ္ဂိုလ်သည်အထက်ဖော်ပြပါ လုပ်ဆောင်မှုကို လုပ်ဆောင်ခဲ့ပါတယ်။ ထိုပုဂ္ဂိုလ်သည် ဘုရားသခင်၏သားတော် သခင်ယေရှု ဖြစ်ပါတယ်။

*ယော ၃း၁၆*

"**ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့် တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။**" ဘုရားသခင်ကို ချီးမွမ်းလိုက်ပါ။ ဘုရားသခင်သည် မိမိ၏သားတော်ရင်းကို လူ့သမိုင်းတစ်ခုလုံး ပြောင်းလဲသွားစေရန် လောကသို့ စေလွှတ်တော်မူခဲ့သည်။ ဒီအချက်က ကျွန်ုပ်တို့ သခင်ယေရှုအားဖြင့် ဘုရားသခင်နှင့်အတူ မိဿဟာယ ပြန်ဖြစ်စေခဲ့သည်။

## ကယ်တင်ခြင်း

ဘုရားသခင်သည် သခင်ယေရှုခရစ်တော်အားဖြင့် ပြုလုပ်ခဲ့သောအရာကို ကယ်တင်ခြင်းဟုခေါ်သည်။ သခင်ယေရှုသည် ဖြောင့်မတ်သောသူ ဖြစ်လင့်ကစား၊ သင့်နေရာတွင် ဆိုးရွားစွာသော သေခြင်းဖြင့် အသေခံခဲ့သည်။

*၂ကော ၅း၂၁*
*၁ပေ ၂း၂၄*

သခင်ယေရှု အပြစ်တစ်ခုမှ မလုပ်ခဲ့ပါဘူး။ သို့ရာတွင် သူက သင်တို့အားလုံးရဲ့အပြစ်တွေကို သင်တို့ကိုယ်စား အပြစ်ဒဏ်ကို ခံယူခဲ့ပါတယ်။ သခင်ယေရှု ဖျားနာခြင်းရောဂါဝေဒနာကို မခံစားခဲ့ဖူးသော်လည်း၊ အဲဒီရောဂါဝေဒနာအားလုံးကို သင့်ကိုယ်စား ခံယူခဲ့ပါတယ်။ သခင်ယေရှု အသေခံခဲ့ခြင်းက သင့်အား လွတ်လပ်ဆုံးသောခံစားမှု၊ ပျော်ရွှင်ဆုံးသောခံစားမှုနှင့် အောင်မြင်ဆုံးသောသူတစ်ယောက် သင် အိပ်မက်ထားသကဲ့သို့ အရာများ ဖြစ်လာရန် ပြုလုပ်ပေးခဲ့ပါသည်။

သခင်ယေရှုက သင့်နေရာတွင် အသေခံပေးခဲ့သည်။ သင် အမှောင်တန်ခိုးအောက်က လွတ်မြောက်ဖို့ရန်အတွက် သခင်ယေရှု လုပ်ဆောင်ပေးခဲ့သည်။ တစ်နည်းဆိုသော် **အမှောင်နိုင်ငံတော်ထဲမှ ဘုရားသခင်၏ထွန်းလင်းသောနိုင်ငံတော်ထဲသို့ ပြောင်းရွှေ့နိုင်ရန် လုပ်ဆောင်ပေးခဲ့သည်။** ဘယ်လိုပဲဖြစ်ဖြစ် သခင်ယေရှုက နတ်ဆိုး၏အရာများဖြစ်သော ကြီးမားသော ဒုက္ခဆင်းရဲခြင်း သည် လူများကိုကြောက်အောင် ခြောက်လှန့်မှု၊ မသန့်ရှင်းမှု၊ မစင်ကြယ်မှုနှင့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်းများကို ဖယ်ထုတ်ချင်သည်။ (မဿဲ ၈း၁၆)။ သခင်ယေရှုသည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းမလဲ တည်ရှိသော ဘုရားဖြစ်သည်။ အကယ်၍ သင်သည် ဆိုးညစ်သော နတ်ဆိုး၏ဝိညာဉ် ချုပ်နှောင်ခြင်းကိုခံရနေလျှင် သခင်ယေရှုသည် ယခုပင် သင့်ကို လွတ်မြောက်စေမည်။ "သခင်ယေရှုဘုရား ကူညီပါ" လို့ ပြောပါ။ သင့်ထံမှ စာတန်ထွက်သွားရန် အမိန့်ပေးပါ။ "သခင်ယေရှုရဲ့နာမတော်၌ စာတန်ထွက်သွားပါ။ ငါ မင်းကို အမိန့်ပေးနေတယ်။ ငါက သခင်ယေရှုရဲ့အသွေးတော်နဲ့ ကာကွယ်ခြင်းခံထားရတဲ့လူ ဖြစ်တယ်" ဆိုပြီး အမိန့်ပေးပါ။ ယခု သင်၏အောင်မြင်မှုအတွက် ဘုရားသခင် ကို ကျေးဇူးတင်ပါ။ သခင်ယေရှုအသေခံခဲ့သောအခါ သင့်အား နတ်ဆိုးရဲ့ချုပ်နှောင်မှုမှ လွတ်မြောက်ရန်နှင့် အာဒံရဲ့အပြစ်ရဲ့ဆိုးကျိုးများဖြစ်တဲ့

*ဟောရှာယ အခန်းကြီး ၅၃ကို ဖတ်ပါ။*

- အပြစ်တရား
- ဖျားနာခြင်း၊ ရောဂါဝေဒနာ
- ဝိညာဉ်ဆိုးဘေး
- အခြားသောချုပ်နှောင်မှုများမှ လွတ်မြောက်ဖို့ရန် ဖြစ်သည်။

## သမ္မာကျမ်း အမေးအဖြေ

***ဤနေရာတွင် သင် လုပ်ဆောင်ရမည့်အရာများကို ဖော်ပြထားသည်။ ၎င်းသည် သင့်အား ဘုရားစကားကို ပို၍ နားလည်ရန် ကူညီပါလိမ့်မည်။***

### လေ့ကျင့်ခန်း (၁)။ အပြစ်တရားက ဘာလဲ။။

အပြစ်ဆိုတာ ဘုရားစကားကို နားမထောင်ခြင်း ဖြစ်သည်။ ဘုရားသခင် ကျွန်ုပ်တို့အား မည်သည်က မှန်သည်၊ မည်သည်က မှားသည်ဆိုတာကို ပညတ်တော် (၁၀)ပါး (ထွက် ၂၀း၃ - ၁၇)တွင် ပြောပြထားသည်။ ရေးချပါ။ တစ်ခုချင်းစီက သင့်အပေါ်တွင် မည်ကဲ့သို့ သက်ရောက်သည်ကို ရေးချပါ။

ထွ ၂၀း၃ - "ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်ရ"

ထွ ၂၀း၄ - "ရုပ်တုဆင်းတုကို ကိုယ့်အဘို့မလုပ်နှင့်။ ဦးမချ ဝတ်မပြုနှင့်။"

ထွ ၂၀း၇ - "သင်၏ဘုရားသခင် ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်"

ထွ ၂၀း၈ - ၁၀ - "ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို အောက်မေ့လော့" *(ယုံကြည်သူအများစုသည် ဥပုသ်နေ့ကို တနင်္ဂနွေနေ့အဖြစ် သတ်မှတ်ပြီး၊ ထိုနေ့တွင် ကိုးကွယ်ရန်နှင့် အနားယူရန် ဖြစ်သည်။)*

ထွ ၂၀း၁၂ (ဖေက် ၆း၂ - ၃) - "သင်၏မိဘကို ရိုသေစွာ ပြုလော့"

ထွ ၂၀း၁၃(မ ၅း၂၂) - "သူ့အသက်ကို မသတ်နှင့်"

ထွ ၂၀း၁၄ (မ ၅း၂၈) - "သူ့မယားကို မပြစ်မှားနှင့်"

ထွ ၂၀း၁၅ (ဖေက် ၄း၂၈) – "သူ့ဥစ္စာကို မခိုးနှင့်"

---

ထွ ၂၀း၁၆ (ယာ ၄း၁၁၊ ကော ၃း၉) – "ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဖက်၌ မမှန်သော သက်သေကို မခံနှင့်။"

---

ထွ ၂၀း၁၇ (လု ၁၂း၁၅) – "ကိုယ်နှင့်စပ်ဆိုင်သောသူ၏ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ် မရှိစေနှင့်"

---

**လေ့ကျင့်ခန်း ၂ – အပြစ်၏အမြစ်**

အထက်ကဖော်ပြထားသောအချက်များတွင် မပါဝင်သောအပြစ်များလည်း ရှိပေသည်။ သို့သော် ၄င်းတို့သည် အပြစ်နှင့်ပြည့်သောလုပ်ဆောင်ချက်များတွင် အမြစ်တွယ်ပြီးသား ဖြစ်သည်။ ထိုအပြစ်များကို ယော ၁၆း၉ တွင် ကြည့်ပါ။

---

*ထို့ကြောင့် အပြစ်မှ လွတ်မြောက်ရန် ပထမဦးစွာ သခင်ယေရှုကို ယုံကြည်ရမည်။*

**လေ့ကျင့်ခန်း ၃ – မည်သူက အပြစ်သားနည်း။**

ရောမ ၃း၂၃ ကို ဖတ်ပါ။ ပြီးတော့ အဖြေကို ရေးပါ။

---

**လေ့ကျင့်ခန်း ၄ – အပြစ်တရား၏ရလဒ်က အဘယ်နည်း။**

ရောမ ၆း၂၃ ကို ဖတ်ပါ။ ပြီးတော့ အဖြေကို ရေးပါ။

---

## လေ့ကျင့်ခန်း ၅ – ဘုရားသခင်သည် သင်၏အပြစ်ကို ခွင့်လွှတ်သည်။

သခင်ယေရှုအားဖြင့် သင့်အပြစ်မှ ခွင့်လွှတ်မှုကို ရရှိသည်။ ဟာလေလုယာ။
အောက်ပါကျမ်းပိုဒ်များကို ဖတ်ပါ။ ကယ်တင်ခြင်း၊ အပြစ်လွှတ်ခြင်း၊ အပြစ်ဆိုသည့် စကားလုံးများကို မျဉ်းသားပါ။

မ ၁း၂၁ (သခင်ယေရှု၏အဓိပ္ပါယ်က အပြစ်မှ ကယ်လွှတ်ခြင်း)
"သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန် ဆို၏။"

မ ၂၆း၂၈
"ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသော ငါ၏အသွေးဖြစ်၏။"

တမန် ၁၀း၄၃
"ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတံ့ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏သက်သေခံ ဖြစ်ကြသည် ဟု ပေတရု မြွက်ဆို၏။"

တမန် ၁၃း၃၈
"ထို့ကြောင့် ညီအစ်ကိုတို့ ထိုသခင်၏ကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခြင်းတရားကို သင်တို့ အား ဟောကြားသည်ကိုငှင်း၊..."

## လေ့ကျင့်ခန်း (၆) ဘုရားသခင်သည် အပြစ်ကိုမုန်းသည်။ သို့သော် အပြစ်သားကို ချစ်သည်။

အပြစ်သားတစ်ယောက်က နောင်တရသောအခါ ဖြစ်လာမည့်အကြောင်းအရာကို (လု ၁၅း၁၀)တွင် ကြည့်ပါ။

---

## လေ့ကျင့်ခန်း (၇) သခင်ယေရှု သင့်အတွက် အရာအားလုံးကို လုပ်ဆောင်ပေးခဲ့သည်။ ထို့ကြောင့် သင်သည် ကယ်လွှတ်ခြင်းကို ရနိုင်သည်။

၁ပေ ၂း၂၄ ကို ဖတ်၍ ကွက်လပ်များကို ဖြည့်ပါ။

ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ ______________________

ဖြောင့်မတ်ခြင်းအရာ၌ ________________ စေမည်အကြောင်း၊ ငါတို့

__________________ကို ကိုယ်တော်တိုင်__________________မှာ ခံတော်မူပြီ။

ယော ၁း၂၉ က ပြောထားသည်မှာ “နက်ဖြန်နေ့၌ ယေရှုသည် ကြွလာတော်မူသည်ကို ယောဟန် သည် မြင်လျှင် ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသူငယ်ကို ကြည့်လော့” ဟူ၍ ဖြစ်သည်။

အဘယ်ကြောင့် ယေရှုကို ဘုရားသခင်၏သိုးသူငယ်ဟု ခေါ်သနည်း။

________________________________________________________________

________________________________________________________________

ယော ၃း၁၆ ကို ဖတ်ပါ။ ပြီးနောက် အောက်တွင် ရေးချပါ။ ဤကျမ်းပိုဒ်အား အလွတ်ကျက်မှတ်ပါ။

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

# လက်တွေ့လုပ်ဆောင်ချက်

## သခင်ယေရှု သင့်အတွက် အသေခံခဲ့ပြီး သင့်ဘဝကို ပြောင်းလဲစေနိုင်သည်။




ကော ၁း၁၄ သခင်ယေရှု အားလုံးကို လုပ်ပေးခဲ့သည်။
သင့်အတွက်လည်း ပါပါသည်။ ဘုရားသခင် သင့်ကို
ကယ်တင်ချင်သည်။ ထို့ကြောင့် သင်သည် ဘုရား
နှင့်အတူ နေရမည်။ သခင်ယေရှုသည် ၁၀၀% အပြည့်
သင်၏ကယ်တင်ခြင်းရရန်အတွက် လုပ်ဆောင်ပေး
ခဲ့သည်။

နားထောင်ပါ။ သင့်အား ယခု ဘုရားသခင်သည်
အံ့ဩဖွယ်ရာ လက်ဆောင်တစ်ခုကို ကမ်းလှမ်းလျက်
ရှိသည်။ သင်သည် ဘုရားသခင်၏သားသမီး ဖြစ်လာ
နိုင်သည်။ အကယ်၍ သင့်ကယ်တင်ခြင်းအတွက်
ဆုတောင်းသော်လည်း မသေချာသေးပါ။။
သေချာလိုပါက သင် လက်ခံရမှာ ဖြစ်သည်ကို
သင်သိဖို့ အလိုရှိတယ်။ စိတ်နှလုံးအထဲကနေ သိဖို့
အလိုရှိတယ်။ သင်သည် ဘုရားသခင်၏သားသမီး
လု ၁၅း၂၀ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ သင့်ကို ကုသပေး
ချင်ပါတယ်။ ***ဘုရားသခင်သည် သင့်ဘဝတစ်ခုလုံး
အတွက် သင့်ကို စောင့်မျှော်နေပါတယ်။*** ပြီးတော့ သင် လာတဲ့အခါမှာ သင့်ကို ထောင်ပေါင်းများစွာ
သော မေးခွန်းတွေကို သူမေးမှာ မဟုတ်ပါဘူး။ တစ်ခုပါပဲ။ သင် အဲဒီလက်ဆောင်ကို လက်ခံချင်လား။
သင့်ကို အံ့ဩဖွယ်ကောင်းသည့် အသစ်သောအသက်တာကို ယခုပင် ပေးချင်ပါတယ်။

## ဤအချက်များကို ပြုလုပ်ပါ

- **ဘုရားသခင်ကို စကားပြောပါ။ – သင်ပြောတာကို ဘုရားသခင်ကြားနိုင်ပါတယ်။**

မဿဲ ၇း၇-၈ သင် ဘုရားသခင်နဲ့ စကားပြောတဲ့အခါ (သို့မဟုတ်) သမ္မာကျမ်းအဆိုအရ ဆုတောင်းသည့်အခါ နားထောင်မယ်လို့ ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်မြတ်မှာ ကတိထားပြီးဖြစ်သည်။ သင် ဆုတောင်းသောအခါ ဘုရားသခင် နားညောင်းပြီး ကတိထားတဲ့အတိုင်း ပြုလိမ့်မည် ဖြစ်သည်။

- **ဘုရားသခင်ပြောတာကို နားထောင်ပါ။**

တမန် ၁၆း၃၁ **“ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောဆိုလျက်၊”**

ယော ၆း၃၇ **“ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသောသူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံသို့ လာသောသူကို ငါသည် အလျှင်းမပယ်။”**

ဗျာ ၃း၂၀ **“ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။”**

သင် ဘုရားသခင်ကို ဆုတောင်းပါ

## ဘဝဟောင်းမှ လွတ်မြောက်မှု

"အဖဘုရားရှင်၊ ကျွန်ုပ်ဘုရား ထံတော်သို့ လာပါပြီ။ အမှောင်ရဲ့နိုင်ငံမှ အလင်းရဲ့နိုင်ငံထဲသို့ ပို့ဆောင်ပေးမည်လို့ ကတိထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ဟာ အပြစ်သားတစ်ယောက် ဖြစ်တယ်ဆိုတာ ကျွန်ုပ်သိပါတယ်။ ကျွန်ုပ်အပြစ်တွေအတွက် တောင်းပန်ပါတယ်။ ကျေးဇူးပြု၍ အကျွန်ုပ်အပြစ်တွေကို ခွင့်လွှတ်ပေးပါ။ ကျွန်ုပ်ရဲ့ဘဝဟောင်းကို စွန့်ပစ်ပြီး၊ ဘဝသစ်ကို ကိုယ်တော်နဲ့အတူ စတင်လျှောက်လှမ်းပါတော့မယ်။"

ဘုရားသခင်က ဖြေကြားတယ်။

## ဘုရားသခင်က ကောင်းပါပြီ လို့ ဖြေတယ်။

"ငါတို့သည် အပြစ်ဒုစရိုက်ကို အမြစ်ဖြတ်၍ ဖြောင့်မတ်ခြင်းအတွက် အသက်ရှင်နိုင်ကြစေရန် ကိုယ်တော်တိုင်ပင်လျှင် ငါတို့၏အပြစ်များကို ကိုယ်ခန္ဓာတော်ပေါ်တွင် ယူဆောင်ကာ လက်ဝါးကပ်တိုင်၌ ဒုက္ခဝေဒနာ ခံတော်မူ၏။" *၁ပေ ၂:၂၄*

"… သေလျက်ရှိနေသောသင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍ သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏။ ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်း အထုံးအဖွဲ့နှင့် စပ်ဆိုင်သော လက်မှတ်ကို ချေ၍ လက်ဝါးကပ်တိုင်မှာရိုက်ထားလျက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ" *ကော ၂:၁၃၊ ၁၄*

ကျယ်ကျယ်လေး ထုတ်ပြော လိုက်ပါ

## သခင်ယေရှုကို သင့်ရဲ့တစ်ပါးတည်းသောအရှင်အဖြစ် ဝန်ခံလိုက်ပါ။

"ဒီနေ့မှစ၍ နာဇရက်မြို့သား သခင်ယေရှုခရစ်တော်ကို ကျွန်ုပ်ရဲ့အရှင်ဖြစ်ပါတယ်လို့ ဝန်ခံပါတယ်။ အခြားသောဘုရားများအားလုံးကို ကျွန်ုပ် စွန့်လွှတ်ပြီး၊ ကျွန်ုပ်ရဲ့ကျန်ရှိသော ဘဝအသက်တာအတွက် နှလုံးသားတစ်ခုလုံးနှင့် သခင်ယေရှုကို အစေခံချင်ပါတယ်။

____________________ ____________

လက်မှတ် နေ့စွဲ

ဘုရား သခင်က ဟုတ်ပြီဟု အတည်ပြုတယ်။

## ဘုရားသခင်က ကတိပေးတယ်။

"အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။" *ရောမ ၁၀:၉၊ ၁၀*

"ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သော နာမ တစုံတခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။" *တမန် ၄:၁၂*

လက်ခံ လိုက်ပါ

## ဘုရားသခင်က သင့်ကို ပေးထားတဲ့အရာအားလုံးအတွက် ကျေးဇူးတင်ဖို့ အစပြုလိုက်ပါ။

- ***သင့်ကို ကယ်တင်ပြီးပြီ ဖြစ်သည်။***

**ပြောပါ။** "အပြစ်တွေထဲ ပြည့်နေတဲ့ ဘဝဟောင်းထဲမှ ကယ်တင်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုယ်တော်။ ဟာလေလုယာ။"

- ***သင့်ကိုကုသပြီးပြီဖြစ်သည်။***

သင်ဟာ ကယ်တင်ခြင်းခံရတဲ့အချိန်မှာ သခင်ယေရှုဟာ လည်းပဲ သင့်ရဲ့ဝေဒနာတွေကို ယူဆောင်ခဲ့တယ်။ "ကိုယ်တော်ရဲ့ဒဏ်ရာဒဏ်ချက်များအားဖြင့် အနာပျောက်လျက် ရှိကြ၏။" (၁ပေ ၂:၂၄)။ သင့်ရဲ့ကိုယ်ခန္ဓာကို ကုသပေးခြင်းအတွက် ဘုရားသခင်ကို စတင်ကျေးဇူးတင်ပါ။

**အောက်ဖော်ပြပါကဲ့သို့ ဆုတောင်းပါ။**

"ကားတိုင်ထက်မှာ ကျွန်ုပ်ရဲ့နာကျင်မှုဝေဒနာတွေကို ယူဆောင်ပစ်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် သခင်ယေရှု။ ဝေဒနာအားလုံးကို ကုသပေးခြင်းကို ကျွန်ုပ် ခံယူရရှိပါပြီ။ ဟာလေလုယာ။" (မဿဲ ၈:၁၇)

- ***သင် လွတ်မြောက်ခွင့်ရပြီးပြီ ဖြစ်သည်။***

"ထို့ကြောင့် သားသည် သင်တို့ကိုလွှတ်လျှင်၊ သင်တို့သည် ဧကန်အမှန် လွတ်ကြလိမ့်မည်။" (ယော ၈:၃၆)

**ပြောပါ။** "ကျွန်ုပ်ကို ချည်နှောင်ထားတဲ့ တန်ခိုးတွေထဲမှ အပြည့်အဝ လွတ်မြောက်ခွင့်ကို ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုယ်တော်။ ကျွန်တော် တကယ့်ကို လွတ်မြောက်ပါပြီ"



## ကျေးဇူးတော်ချီးမွမ်းခြင်း အချိန်

**ယခု ဘုရားသခင်ကို ချီးမွမ်းပါ။ သင့်ကို ဘုရားသခင် ပေးထားသည့်အရာအားလုံးအတွက် ကျေးဇူးတင်လိုက်ပါ။**

***ကျွန်ုပ်အတွက် ပြုလုပ်ခဲ့တဲ့အရာအားလုံးအတွက် ကျေးဇူးတင်ပြီး ကျေးဇူးတော်ချီးမွမ်းပါတယ်။***
***ကိုယ်တော်ဟာ ကောင်းမြတ်တဲ့ဘုရား ဖြစ်ပါတယ်။***
***အကယ်၍ ဒီနေ့ည အကျွန်ုပ် သေသွားခဲ့ရင်ပင် ကိုယ်တော်နဲ့အတူ ကောင်းကင်ဘုံမှာ ရှိနေမယ်ဆိုတာ သိရတဲ့အတွက်နဲ့***
***ကျွန်ုပ်ဟာ ကယ်တင်ခြင်းခံခဲ့ရတယ်ဆိုတာကို သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဟာလေလုယာ။***

(ချစ်ခြင်းမေတ္တာနဲ့ ကျေးဇူးတော်ချီးမွမ်းခြင်းရဲ့အခြားသောစကားကို သင် ရှာဖွေတွေ့ရှိရန် ဘုရားသခင်က ကူညီပေးလိမ့်မည် ဖြစ်သည်။
ကျေးဇူးတော်ချီးမွမ်းခြင်းသည် မည်သည့်အချိန်မဆို ဖြစ်သည်ကို သတိရပါ။)

## သတိရမှတ်မိစေရန် ရေးသားချက်

**ဘုရားသခင်ရဲ့စကားတော်ကို မှတ်သားပြီးပြောဆိုပါ။**

ဤနေရာတွင် ဒီအပတ်အတွက် ကျမ်းပိုဒ်များကို မှတ်သားရန် ဖြစ်သည်။ ၄င်းကျမ်းပိုဒ်များကို အကြိမ်များစွာ ကျယ်ကျယ် ဖတ်ပါ။ ဤသင်ခန်းစာမှ အခြားသောကျမ်းပိုဒ်နှစ်ခုကို ရွေးချယ်ပြီး မှတ်သားပါ။

**"လူမည်သည်ကား (*သင့်ရဲ့နာမည်ကိုရေးပါ* ____________________)**
**ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။"** *၂ကော ၅း၁၇*

# သင့်ရဲ့အသက်တာကို သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝစေနိုင်သည်

## ဤသင်ခန်းစာတွင် ပါဝင်သောအကြောင်းအရာများ။

သမ္မာကျမ်းစာက “ဝိညာဉ်တော်နှင့်ပြည့်စုံလျက် ရှိကြလော့” (ဧဖက် ၅း၁၈) လို့ ပြောထားပါသည်။ အဓိပ္ပါယ်က သခင်ယေရှုရဲ့နောက်လိုက်တိုင်းဟာ သန့်ရှင်းသောဝိညာဉ်တော်ကို လိုအပ်တယ်လို့ ဆိုလိုပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို သင်ရရှိတဲ့အချိန်မှာ ဘုရားသခင်၏တန်ခိုးတော် သင် ရရှိပြီး၊ သင့်ရဲ့ဘဝအသက်တာဟာ ပြောင်းလဲလိမ့်မည် ဖြစ်သည်။

ယနေ့ အကြောင်းအရာများ -

- **သန့်ရှင်းသောဝိညာဉ်တော်သည် မည်သူနည်း။**
- **သန့်ရှင်းသောဝိညာဉ်တော်ကို အဘယ်ကြောင့် လိုအပ်သနည်း။**
- **သန့်ရှင်းသောဝိညာဉ်တော်နှင့် မည်ကဲ့သို့ ပြည့်ဝစေမည်နည်း။**

## ၁ သန့်ရှင်းသောဝိညာဉ်တော်သည် မည်သူနည်း။

ကျေးဇူးတော်ချီးမွမ်းလိုက်ပါ။ ယခု သင်သည် ကယ်တင်ခြင်းခံရပြီး ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် သင် သခင်ယေရှုခရစ်ကို ရရှိပြီး ဖြစ်သည်။ ဤကား အမြဲ ပြုလုပ်ချမှတ်ရမယ့် အရေးကြီးဆုံး ဆုံးဖြတ်ချက် ဖြစ်သည်။ (အကယ်၍ သင်က ကယ်တင်ခြင်းခံရပြီးပြီဆိုတာကို အံ့သြလျှင် အခန်း(၂) ကို ပြန်လည် လေ့လာလိုက်ပါ)

သင် သခင်ယေရှုကို လက်ခံရရှိချိန်မှာ သင် မည်သည့်အရာကိုမျှ မခံစားခဲ့ရလျှင်တောင်မှ သင့်စိတ်ထဲတွင် တစုံတရာ ချက်ခြင်း ဖြစ်ပေါ်လာမည်ဖြစ်သည်။ ခရစ်တော်ထဲမှာရှိသော သင်၏အရာအားလုံးကို ရရှိဖို့ရန် အတွက် ဘဝတလျှောက်လုံး ရှာဖွေရမည်ဖြစ်သည်။ ယခု သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏အံ့သြဖွယ်ရာကောင်းသောကမ္ဘာထဲကို ဝင်စားနိုင်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် သခင်ယေရှုခရစ်တော်ကို လက်ခံထားပြီး၊ သင့်ဘဝအသက်တာတွင် သခင်ယေရှုကို အရှင်သခင်အဖြစ် ဖြစ်ပါတယ်။

### သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူသည်။ ပြီး သင့်အထဲမှာ အလုပ်လုပ်တော်မူသည်။

၂ကော ၃း၁၆-၁၈ မ ၂၈း၁၉

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်ပြီး သင့်ရဲ့ဘဝအသက်တာမှာ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဒီပထမသင်ခန်းစာသုံးခုမှာ သုံးပါး တစ်လုံးတဝဖြစ်သည့် ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားအကြောင်းကို သင်ယူရသည်။သို့သော် ဘုရားသခင်နှင့်အသက်ရှင်ခြင်းသည် ဘုရားကို သိနေခြင်းထက် ပို၍ ရိုးရှင်းပါသည်။ ဘုရားသခင်နှင့် ထိတွေ့စေရန်နှင့် ဘုရားသခင်နှင့် နီးနီးကပ်ကပ်နေနိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်က သင့်ကို ကူညီပေးလိမ့်မည်။ ဘုရားက သင့်ထံမှာ အံ့သြဖွယ်ရာ ပြုလုပ်ပြီးနေပြီး ဖြစ်သည်။ ဘုရားသခင်က

သင့်ကို သခင်ယေရှုထံသို့ ပို့ဆောင်ပေးပြီး သန့်ရှင်းသောဝိညာဉ်တော် မပါရှိဘဲ သင်သည် သခင်ယေရှုကို အရှင်သခင်အဖြစ် ဝန်ခံနိုင်မည် မဟုတ်ပေ။

သခင်ယေရှုနောက်တော်သို့လိုက်ခြင်းသည် တွေးခေါ်မှု၊ ဉာဏ်ပညာ နှင့်ဆိုင်သော ဆုံးဖြတ်ချက်၏ဆက်နွယ်မှု မဟုတ်သော်လည်း ဝိညာဉ်ရေးနှင့်ဆိုင်သော အသက်ရှင်နေထိုင်မှု ဖြစ်သည်။

## ဓမ္မဟောင်းကျမ်းတွင် ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်နှင့် ပတ်သက်၍ ကတိတော်များ ပေးထားသည်။




| | |
|---|---|
| ***ဖန်ဆင်းခြင်း*** | *ကမ္ဘာ ၁း၂* |
| ***ယောသပ်*** | *ကမ္ဘာ ၄၁း၃၈* |
| ***အသက်ကြီးသူ (၇၀)*** | *တော ၁၁း၂၅* |
| ***ဂိဒေါင်*** | *တရား ၆း၃၄* |
| ***ရှင်ဘုရင်ဒါဝိဒ်*** | *၁ရာ ၁၆း၁၃* |
| ***ဧလိယ*** | *၄ရာ ၂း၁၅ – ၁၆* |
| ***ပရောဖက်များ၏ပရောဖက်ပြုချက်များ*** | *ဟေရှာ ၄၄း၃၊ ယေဇ ၃၆း၂၆ – ၂၇၊ ဇာခရိ ၄း၆* |
| ***ကြိုတင်ဟောပြောချက်များပြည့်စုံလာခြင်း*** | *မာ ၁း၇ – ၈* |

*က ၁း၂* ကမ္ဘာဦးမှစတင်၍ ကြည့်ကြပါစို့။ သန့်ရှင်းသောဝိညာဉ်တော်သည် (ဖန်ဆင်းခြင်း)၌ ရှိနေတော်မူသည်။
ဝိညာဉ်တော်သည် ဘုရားသခင်၏ဘုန်းတန်ခိုးကြီးမားသောအံ့ဩဖွယ်သောအမှုတို့ကို လုပ်ဆောင်စဉ်
*တော ၁၁း၂၅* ကပင် ရှိနေတော်မူသည်။ ဝိညာဉ်တော်သည် ဣသရေလလူမျိုးများ၏ခေါင်းဆောင်အဖြစ် ဆောင်ရွက်
*ယေဇ ၂း၂* ခဲ့သည်။ ထို့အပြင် ပရောဖက်များ၏အတွင်း၌လည်း အလုပ်လုပ်ခဲ့သည်။ သို့သော် နှစ်ရာပေါင်းများစွာ
ကြာလာသောအခါ ပရောဖက်များသည် သာ၍ ကောင်းသောအရာများကို **ပရောဖက်ပြုခဲ့ကြ**
*ယောလ* **သည့်အကြောင်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် လူတိုင်းအပေါ်သို့ သက်ရောက်တော်မူ၍**
*၂း၂၈ – ၂၉* **ဖြစ်သည်။** ယောက်ျား၊ မိန်းမ၊ အကြီးအငယ်၊ ကလေးသူငယ်မရွေး အားလုံးအပေါ်ကို
*ယေဇ* သက်ရောက်မည် ဖြစ်သည်။ ထို့အပြင် ဘုရားသခင်၏ဝိညာဉ်တော် ဆင်းသက်လာသောအခါ
*၃၆း၂၆ – ၂၇* ကျွန်ုပ်တို့၏နလုံးသားများကို ပြောင်းလဲပစ်ကာ နလုံးသားကို ဝိညာဉ်တော်နှင့်သော်လည်း၊ ချစ်ခြင်း
မေတ္တာနှင့်သော်၎င်း၊ ယုံကြည်ခြင်းနှင့်အစွမ်းတန်ခိုးတို့နှင့်လည်းကောင်း ပြည့်ဝစေမည်ဖြစ်သည်။
ဤအရာများသည် ကျွန်ုပ်တို့အား ဘုရားပေးထားသောကတိတော်များ ဖြစ်သည်။ ထို့အပြင်
ဝိညာဉ်တော်သည် ယေရှုခရစ်တော်အားဖြင့် အရာအားလုံးကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။

## သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်ထဲ၌ အသက်ရှင်သည်။

သူတို့အားလုံးကို သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝစေပြီး အခြားသောဘာသာစကား၊ ဝိညာဉ်တော် ဖြစ်ပွားစေသော စကားများကို စတင်ပြောခဲ့ကြတယ်။ ကတိတော်သည် သင်နှင့် သင့်သား သမီးအတွက် ဖြစ်တယ်။ ထို့ပြင် သူတို့အားလုံးသည် ဘုရားသခင်နှင့် ဝေးကွာနေပါက ဘုရားသခင်သည် သူတို့အား ပြန်ခေါ်မည်ဖြစ်သည်။

*တမန် ၂း၄၊ ၃၉*

သခင်ဘုရား၏ဝိညာဉ်တော်သည် လွတ်ခြင်းချမ်းသာကို ပေးသည်။

*၂ ကော ၃း၁၇*

ငါတို့အား ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင် ၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ ညွန်းလောင်းတော်မူ၏။

*ရောမ ၅း၅*

ဝိညာဉ်ပကတိအကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့ သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တီးခြင်းပေတည်း။

*ဂလာ ၅း၂၂*


"ဘုရားသခင်၏ဝမ်းမြောက်ခြင်းသည် သင်၏ ခွန်အားဖြစ်သည်"

*နေဟမိ ၈း၁၀*

ဆရာကြီးယုဒသသန် ဘာသာပြန် မြန်မာသမ္မာကျမ်းစာအုပ်မှ ကိုးကားဖော်ပြထားပါသည်။

---

ဤစာရွက်ကို
**"ဝိညာဉ်တော်နှင့်အသက်တာ၏စကားလုံးများ"**
စာအုပ်မှ ဖယ်ရှားလိုက်ပါ။ ထို့အပြင် ပြထား
သည့်ပုံစံအတိုင်း ခေါက်ပါ။




Copyright © 2016 Victura & FL Media
All rights reserved
www.biblekeys.org





# ဝိညာဉ်တော်နှင့် အသက်တာ၏စကားလုံးများ

***ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အား သင်၏အသက်တာနှင့် အခြေအနေကို ပြောင်းလဲရန် စေလွှတ်ခဲ့သည်။***

သခင်ယေရှု ပြောခဲ့သည်မှာ
"ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျင်း မတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ် ဖြစ်၏။ အသက်လည်း ဖြစ်၏။"

*ယော ၆း၆၃*

ဤသမ္မာတရားသည် အစွမ်းထက်သည်။ ဘုရားသခင်၏ စကားများသည် အမှောင်နှင့် မချင့်မရဲဖြစ်နေခြင်းထဲမှ ထုတ်ပေးကာ၊ နာကျင်ခြင်း၊ ဖျားနာရောဂါဝေဒနာခံစားခြင်း ထဲမှလည်း ကုသကာ ခေါ်ယူပေးသည်။ ဝိညာဉ်တော်၏ နှုတ်ထွက်စကားတော်ကို ယုံကြည်ကိုးစားခြင်းအားဖြင့် သင်၏ဘဝ အသက်တာကို ဘုရားသခင်အား အခွင့်ပေးသကဲ့သို့ ဖြစ်၍၊ သင်၏ဘဝ အသက်တာအခြေအနေများကို နှုတ်ကပတ်တော်၏ တန်ခိုးတော်က ပြောင်းလဲစေမည် ဖြစ်သည်။

***ဝိညာဉ်တော်နှင့်ဘဝအသက်တာ၏စကားလုံးများ*** သည် သင်၏ အသက်တာတွင် လက်တွေ့အသုံးချရန် ကျမ်းပိုဒ်များကို စုစည်းထားခြင်းဖြစ်သည်။ ပထမပိုင်းတွင် များစွာသောကျမ်းပိုဒ်ငယ်များသည် သင့်အသက်တာတွင် "ကျွန်ုပ်" သို့ "ကျွန်ုပ်ကို" ဆိုပြီး ပြောင်းလဲပေးနိုင်အောင် ကူညီပါလိမ့်မည်။ သင်၏အသက်တာတွင် ၎င်းအရာများကို တူညီသောနည်းလမ်းများနှင့် အသုံးချနိုင်ပါသည်။ ***၎င်း အရာများကို မှတ်သားပြီး ယုံကြည်ကိုးစား၍၊ နှုတ်ကပတ်တော်ပေါ်၌ ရပ်တည် အသက်ရှင်ပါ။ ဝိညာဉ်တော်သည် သင့်ကိုပေးထားသောကတိများအတိုင်း တိကျစွာ လုပ်ဆောင်ပေးပါလိမ့်မည်။***

- အာမခံချက်များကို သင် လိုအပ်သောအခါ ဘုရားသခင် သင့်ကို ချစ်တော်မူ၍ ဘုရားနှင့်စတင် လျှောက်ခွင့်ရ ခြင်းသည် *အလွန်ကြီးမားတဲ့မေတ္တာတော်ပင် ဖြစ်သည်။ အဖဘုရားသခင်သည် ရက်ရောစွာ ခွင့်ပြုသည်မှာ အဖဟု ခေါ်ခွင့်ပေးထားပြီး ဘုရားသခင်၏သားသမီးဟု သိမှတ်ခြင်း ဖြစ်သည်။ ကျွန်ုပ်သည် မည်သူဖြစ်၍ အဘယ့်ကြောင့် ဤ အခွင့်ကို ရသနည်း။*
- ကျမ်းပိုဒ်များကို အသံထွက်ဖတ်၍ ၎င်းအကြောင်းအရာ များကို စဉ်းစားပေးပါ။ ၎င်းနှုတ်ကပတ်တော်သည် သင်၏ နှလုံးသားထဲသို့ နက်နဲစွာ ဝင်ရောက်ပါစေ။

- ၄င်းအရာများကို ဆင်ခြင်ပါ။ သင် လမ်းလျှောက်စဉ် တလျှောက်လုံး (သို့) လိုင်းကားပေါ် ထိုင်နေချိန်နှင့် ၄င်းအရာများကို မိသားစုများကို ပြန်ပြောပြပါ။
- မကြာခင်အချိန်မှာပင် ဤအံ့သြဖွယ်ရာကျမ်းပိုဒ်များသည် သင်၏ကိုယ်ပိုင် ဖြစ်လာ၍ အလိုလို သင်လိုအပ်သော အချိန်များတွင် စဉ်းစားမိလာမည်ဖြစ်သည်။
- ဘုရားသခင်ကို သင် ကိုးစားသောအခါ သင့်ကို သွန်သင်ပြသကာ၊ ဘုရားသခင်၏၏နှုတ်ထွက်စကားများကို သင့်အပေါ်တွင် ပြည့်စုံစေမည်ဖြစ်သည်။

**ဘုရားသခင်၏နှုတ်တော်ထွက်စကားများကို လက်ခံပါ။ ၄င်းသည် သင့်အသက်တာကို ပြောင်းလဲစေမည်။**

## ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ ကျွန်ုပ်ကို ချစ်သည်။

ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။

*၁ယော ၃း၁*

ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

*ယော ၃း၁၆*

ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်ပါ၏။ ထို့ကြောင့် ကရုဏာတော်နှင့်ကျေးဇူးကို သင်၌ ကြာမြင့်စွာပြ၏။

*ယေရမိ ၃၁း၃*

ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူ သည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။

*ရောမ ၅း၈*

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။

*၁ယော ၄း၁၆*

ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော၊ သနား စုံမက်တတ်သောသဘောနှင့်ပြည့်စုံ၍ ခန္တီတော်နှင့်ကရုဏာ တော်သည် အလွန်ကြွယ်ဝပါ၏။ ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သောသဘောရှိ၍ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူပါ။

*ဆာ ၁၄၅း၈ - ၉*



အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုး ဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာ ဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမိတ္တ အရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏။

*ရော ၈း၃၈ - ၃၉*

ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘော ရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။

*မဿဲ ၁၁း၂၈ - ၂၉*

ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲ နေကြ၏။ နံနက်တိုင်း ကရုဏာတော်အသစ်ကို ခံရကြ၏။ သစ္စာတော်သည် ကြီးမြတ်ပါ၏။

*ယေရမိမြည်တမ်း ၃း၂၂၊၂၃*

"တောင်ကြီးတို့သည် ရွေ့၍ တောင်ငယ်တို့သည် လှုပ်ရှားသော်လည်း၊ ငါ၏မေတ္တာသည် သင်မှ မရွေ့ရ။ ငါ၏ငြိမ်သက်ခြင်း ပဋိညာဉ်လည်း မလှုပ်ရှားရဟု သင်၌ သနားခြင်း ကရုဏာစိတ်ရှိတော်မူသောထာဝရဘုရား မိန့်တော်မူ၏။"

*ဟေရှာယ ၅၄း၁၀*

ဘုရားသခင်သည် ငါ၏သိုးထိန်းဖြစ်ပေ၏။
ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။
ငါသည် ဆင်းရဲမခံရ။ စိမ်းလန်းသော ကျက်စားရာအရပ်၌
ငါ့ကို အိပ်စေတော်မူ၏။
သာယာသောမြစ်နားသို့ လမ်းပြတော်မူ၏။
ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အဘို့အလိုငှါ
တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။
အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့
လျှောက်သွားရသော်လည်း၊ ဘေးအန္တရာယ်ကို
မကြောက်ပါ။
အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ
ရှိတော်မူသည်ဖြစ်၍ လှံတံတော်နှင့်တောင်ဝှေးတော်သည်
အကျွန်ုပ်ကို ချမ်းသာစေပါ၏။
အကျွန်ုပ် ရန်သူတို့အရှေ့မှာ
အကျွန်ုပ်အဘို့ စားပွဲကိုခင်းတော်မူ၏။
အကျွန်ုပ်ခေါင်းကို ဆီနှင့်လိမ်းတော်မူ၏။
အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။
အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့်ကရုဏာကို
တသက်လုံးခံစား၍ ထာဝရဘုရား၏အိမ်တော်မှာ
အစဉ်အမြဲ နေရပါလိမ့်မည်။

*ဆာ ၂၃*

## ဘုရားသခင်သည် ကျွန်ုပ်၏အကွယ်အကာ

အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာဌါနတော်၌
နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကို ခိုရလိမ့်မည်။
ထာဝရဘုရားသည် ငါခိုလှုံရာ ငါ၏ရဲတိုက်၊
ငါကိုးစားသော ဘုရားသခင် ဖြစ်တော်မူသည်ဟု
ငါပြောဆို၏။
အကယ်စင်စစ် မုဆိုး၏ကျော့ကွင်းနှင့်၄င်း၊
သေတတ်သောအနာနှင့်၄င်း သင့်ကို
ကင်းလွတ်စေတော်မူမည်။ အတောင်တော်အရိပ်နှင့်
ဖုံးအုပ်တော်မူ၍ အတောင်တော်အောက်၌ သင်သည်
လုံခြုံစွာနေရလိမ့်မည်။ သစ္စာတော်သည်
သင်၏ဒိုင်းလွှားဖြစ်လိမ့်မည်။
ညဉ့်အခါ ဖြစ်တတ်သောဘေးကို၄င်း၊
နေ့အချိန်၌ပစ်သော မြှားကို၄င်း၊
မှောင်မိုက်ထဲမှာ လည်တတ်သော ကာလနာကို၄င်း၊
မွန်းတည့်ချိန်၌ ဖျက်ဆီးတတ်သောဥပဒ်ကို၄င်း၊
သင်သည် မကြောက်ရ။ သင်၏အနားမှာ လူတစ်ထောင်၊
သင်၏လက်ျာဘက်မှာ လူတစ်သောင်းလဲသော်လည်း၊
သင့်ကို မထိမခိုက်ရ။
သင်သည် ကိုယ်မျက်စိနှင့်ကြည့်၍
မတရားသောသူတို့၌ ရောက်ရသောအပြစ်ကို
မြင်ရုံမျှသာ ရှိလိမ့်မည်။
ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်
ဆို၍ အမြင့်ဆုံးသောဘုရား၌ နေရာကျသောကြောင့် သင်၌
မကောင်းသောအနိဋ္ဌာရုံမကပ်မရောက်ရ။
သင့်နေရာသို့ ဘေးဥပဒ်မချဉ်းရ။
သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှါ
ကောင်းကင်တမန်တို့အား သင့်အဘို့
မှာထားတော်မူသည်ဖြစ်၍
သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှါ၊ သူတို့သည်
သင့်ကို လက်နှင့် မစချီပင့်ကြလိမ့်မည်။
သင်သည် ခြင်္သေ့နှင့်မြွေဆိုးအပေါ်မှာ ကျော်သွား၍
ခြင်္သေ့ပျိုနှင့်နဂါးတို့ကို ခြေဖြင့် နင်းလိမ့်မည်။
သူသည် ငါ့ကိုချစ်သောကြောင့် သူ့ကိုငါ ကယ်နှုတ်မည်။
ငါ၏နာမကိုသိသောကြောင့် သူ့ကိုငါချီးမြှောက်မည်။
သူသည် ငါ့ကိုခေါ်သောအခါ ငါထူးမည်။
ဒုက္ခခံရသောအခါ သူ့ဘက်မှာ ငါနေ၍ ချမ်းသာပေးမည်။
သူ၏ဘုန်းကိုလည်း ထင်ရှားစေမည်။
ရှည်သောအသက်နှင့်သူ့ကိုရောင့်ရဲစေ၍
ငါ၏ကယ်တင်ခြင်းကျေးဇူးကို သူ့အား ပြမည်။

*ဆာ ၉၁*

## ကျွန်ုပ် ကြောက်မည်မဟုတ်။

"ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။
သင်၏ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့စေမည်။
ငါ့သစ္စာ လက်ျာလက်ဖြင့် ထောက်ပင့်မည်။

*ဟေရှာယ ၄၁း၁၀*



"သင်သည် ဖြောင့်မတ်ခြင်းတရားအားဖြင့်
တည်လိမ့်မည်။ ညှင်းဆဲခြင်းနှင့် ဝေးသည်ဖြစ်၍
မကြောက်ရ။ ထိတ်လန့်ခြင်းသည်လည်း
ဝေး၍ သင့်အနီးသို့ မရောက်ရ။"

*ဟေရှာယ ၅၄း၁၄*

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။
စုံလင်သောမေတ္တာသည် သံဝေဂကို ပယ်ရှားတတ်၏။

*၁ယော ၄း၁၆ - ၁၈*

အကယ်စင်စစ် ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ
ငြိမ်ဝပ်စွာ နေတတ်၏။ ငါ့ကို ကယ်တင်ခြင်းအကြောင်းသည်
အထံတော်က သက်ရောက်၏။ အကယ်စင်စစ်
ဘုရားသခင်သည်
ငါ၏ကျောက်၊ ငါ့ကိုကယ်တင်ခြင်းအကြောင်း၊
ငါခိုလှုံရာဖြစ်တော်မူ၍၊ ငါ၌ လှုပ်ရှားခြင်းများစွာ မရှိရာ။

*ဆာ ၆၂း၁ - ၂*

## ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ် ကယ်တင်ခြင်းကိုရသည်။

လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို
သိစေခြင်းငှါ ဘုရားသခင် အလိုတော်ရှိ၏။

*၁ တိ ၂း၄*

"ထိုသခင်၏နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော
နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ"

*တမန် ၄း၁၂*

ယေရှုပြောသည်မှာ "ကြောက်ရွံ့ခြင်းမရှိနှင့်။
ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။
အသက်ရှင်သောသူလည်း ဖြစ်၏။
ငါသည် အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက်
အသက်နှင့်ပြည့်စုံ၏။"

*ဗျာ ၁း၁၇ - ၁၈*

လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော
သတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍
ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။

*၂ကော ၅း၁၇*

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို
ဝန်ခံသောသူမည်သည်ကား ဘုရားသခင်၌ တည်၏။
ဘုရားသခင်သည်လည်း ထိုသူ၌ တည်တော်မူ၏။
ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူခြင်းမေတ္တာတော်ကို
ငါတို့သည် သိ၍ ယုံကြည်ကြ၏။

*၁ယော ၄း၁၅ - ၁၆*

သို့သော်လည်း ကရုဏာတော်နှင့်ကြွယ်ဝတော်မူသော
ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော
မဟာမေတ္တာတော်အားဖြင့် ဒုစရိုက်အပြစ်၌
သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ

အသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်
ကယ်တင်ခြင်းသို့ ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို
ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။

*ဧဖက် ၂း၄-၆*

ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍
ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့်
ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။
ထိုကျေးဇူးတော်ကို ခံစားရသည်အကြောင်းမှာ
ယုံကြည်ခြင်းရှိ၍ ထိုသခင်အားဖြင့်သာ ခံစားရသောအခွင့်ကို
ရကြ၏။ သို့ဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကို မျှော်လင့်၍
ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။

*ရောမ ၅း၁-၂*

မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍ ချစ်တော်မူသော
သားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏
အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော
ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။

*ကော ၁း၁၃-၁၄*

အထက်က ဘုရားသခင်နှင့်ကွာရှင်း၍ ဆိုးညစ်သော
အကျင့်တို့ကို ကျင့်သဖြင့်၊ စိတ်နှလုံး၌ ရန်သူဖြစ်သော
သင်တို့ကို ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့်
ယခု မိဿဟာယဖွဲ့စေတော်မူ၏။

*ကော ၁း၂၁*

ယေရှုခရစ်တော်ကြောင့် ကျွန်ုပ်သည် ကောင်းကြီး
ခံစားရသောသူ ဖြစ်သည်။ မိမိသားတော်ရင်းကို မနှမြောဘဲ၊
ငါတို့ရှိသမျှအဘို့အလိုငှါစွန့်တော်မူသောသူသည်
သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား
မပေးဘဲ အဘယ်သို့ နေတော်မူမည်နည်း။

*ရောမ ၈း၃၂*

"ထိုကြောင့် သားသည် သင်တို့ကိုလွှတ်လျှင် သင်တို့သည်
ဧကန်အမှန် လွတ်ကြလိမ့်မည်။"

*ယော ၈း၃၆*

ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့်
ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။

*ဖိ ၄း၁၃*

ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့်
သန့်ရှင်းလျက် အပြစ်ကင်းလွတ်လျက် ဖြစ်မည်အကြောင်း...

*ဧဖက် ၁း၃*

ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူ
သောစည်းစိမ်ရှိသည်အတိုင်း သင်တို့အလိုရှိသမျှတို့ကို
ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။

*ဖိ ၄း၁၉*

အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည်
စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့်
သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ၊ သင်တို့အတွက်ကြောင့်
ဆင်းရဲခြင်းကိုခံတော်မူသော ကျေးဇူးတော်ကို
သင်တို့သိကြ၏။

*၂ကော ၈-၉*

သိုးစုငယ်၊ သင်တို့သည် မကြောက်ကြနှင့်။
သင်တို့အဘသည် သင်တို့အား နိုင်ငံကို ပေးခြင်းငှါ
အလိုရှိတော်မူ၏။

*လု ၁၂း၃၂*

ယေရှုကလည်း
"ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း
အကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည်
သေလွန်သော်လည်း ရှင်လိမ့်မည်"

*ယော ၁၁း၂၅-၂၆*

ထိုသခင်မှာ ဘုရားသခင်၏ဂတိတော်ရှိသမျှတို့သည်
ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလိုငှါ၊
ဟုတ်မှန်ပေ၏ဟူ၍၄င်း၊ အာမင်ဟူ၍၄င်း ဖြစ်သတည်း။

*၂ကော ၁း၂၀*

ထိုကြောင့် ငါဆိုသည်ကား သင်တို့သည်
ဆုကျေးဇူးကိုရမည်ဟု
ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။

*မာ ၁၁း၂၄*

သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နင်းရသောအခွင့်နှင့်
ရန်သူများကို နိုင်ရသောအခွင့်တန်ခိုးကို ငါပေး၏။ သင်တို့ကို
အဘယ်ဘေးမျှ မညှင်းဆဲရ။

*လု ၁၀း၁၉*

ချစ်သားတို့၊ သင်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်ကြ၏။
ထိုသူတို့ကိုလည်း အောင်ကြပြီ။ အကြောင်းမူကား
သင်တို့ဘက်၌ရှိသောသူသည် လောကဘက်၌ ရှိသောသူ
ထက် သာ၍ကြီးတော်မူ၏။

*၁ယော ၄း၄*

သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်၄င်း၊ မိမိတို့
သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်၄င်း
အောင်မြင်၍ အသေခံသည်တိုင်အောင် ကိုယ်အသက်ကို
မနှမြောကြ။

*ဗျာ ၁၂း၁၁*

"ထိုအကြောင်းအရာမူကား၊ သူသည်
အကျွန်ုပ်တို့အနာရောဂါ ဝေဒနာများကို
ယူတင်ဆောင်ရွက်လေသည်ဟု ပရောဖက် ဟောရာယ
ဟောဘူးသောစကား ပြည့်စုံမည်အကြောင်း ဖြစ်သတည်း။"

*မဿဲ ၈း၁၇*

ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍
ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊
ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ။
ဒဏ်ချက်တော်များအားဖြင့် သင်တို့သည်
အနာပျောက်လျက်ရှိကြ၏။

*၁ပေ ၂း၂၄*

## သခင်ယေရှုကိုယ်တော်တိုင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခဲ့သည်။

*လု ၁း၃၅* သမ္မာကျမ်းစာက ရှင်းရှင်းလင်းလင်း ဆိုထားသည်မှာ သခင်ယေရှုကိုယ်တော်တိုင် ဝိညာဉ်တော်အား
ဖြင့် မွေးဖွားခဲ့ခြင်း မဟုတ်သော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဘိသိက်ခံပြီး၊ ပြည့်ဝနေသည်။
(ဆိုလိုသည်မှာ ဝိညာဉ်တော်က သခင်ယေရှုကို ပြည့်ဝစေပြီး သခင်ယေရှုမှတဆင့် ဝိညာဉ်တော်က
*လု ၄း၁* အလုပ်လုပ်သည်) သခင်ယေရှုသည် ဝိညာဉ်တော်၏ဦးဆောင်မှုကို ခံယူခဲ့သည်။
*တ ၁၀း၃၈* သင်နှင့်ကျွန်ုပ်သည်လည်း ထိုကဲ့သို့ ဖြစ်နိုင်သည်။
*၁ယော ၄း၁၇* သခင်ယေရှုကဲ့သို့ ကျွန်ုပ်တို့ ဘယ်တော့မှ မဖြစ်နိုင်ပါ။ အကြောင်းမှာ သခင်ယေရှုသည် ဘုရား
*ယော ၁၄း၁၂* ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း သခင်ယေရှုသည် သူ၏နောက်လိုက်များအား မိမိကဲ့သို့
ဖြစ်ရန် တောင်းဆိုခဲ့သည်။ ကျွန်ုပ်တို့လည်း သခင်ယေရှုကဲ့သို့ပင် သခင်လုပ်ခဲ့သည့်အရာများအား
လုပ်နိုင်လိမ့်မည်ဟုပင် ကတိထားခဲ့သည်။ ကြီးမြတ်သောအံ့ဖွယ်အရာများပင် ကျွန်ုပ်တို့
လုပ်နိုင်လိမ့်မည်ဟု ကတိထားခဲ့သည်။ မည်ကဲ့သို့နည်း။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ
ဖြစ်နိုင်မည်ဖြစ်သည်။ ဤသင်ခန်းစာက ဤအရာမည်ကဲ့သို့ ဖြစ်ပေါ်လာမည်ကို သင်ကြားလိမ့်မည်။

### သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်

| | | |
|---|---|---|
| **သခင်ယေရှု မွေးဖွားခြင်း** | • ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေ ခံယူသည်၊ | *လု ၁း၃၅* |
| | • မယ်တော်မာရိမှ မွေးဖွားသည်၊ | *လု ၂း၇* |
| **ဝိညာဉ်တော်၌ အမှုတော်ဆောင်ခြင်း** | • သခင်ယေရှုသည် နှစ် ၃၀ ခန့်အကြာ ဉာဏ်ပညာနှင့် ပြည့်စုံခဲ့သည်၊ | |
| | • သခင်ယေရှုသည် နှစ်ခြင်းခံယူ၍ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝစေခဲ့သည်၊ | *လု ၃း၂၁၊ ၂၂၊ ၄း၁* |
| | • ဝိညာဉ်တော်၏တန်ခိုး၌ သုံးနှစ်ကြာ အမှုဆောင်ခြင်း | *တ ၁၀း၃၈* |
| **† သခင်ယေရှု ဝိညာဉ်တော်ကို စေလွှတ်ခြင်း** | • ဝိညာဉ်တော်ကို ကျွန်ုပ်တို့ထံသို့ စေလွှတ်ရန် ကတိထားခဲ့သည်၊ | *ယော ၁၆း၇* |
| | • သခင်ယေရှုသည် သေဆုံးခဲ့ပြီး၊ ပြန်လည်ရှင်ပြန် ထမြောက်ခဲ့သည်၊ | *ယော ၂၀-၂၁* |
| | • သခင်ယေရှုသည် ဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်၊ | *တ ၂* |

## ကျွန်ုပ်တို့ကို သန့်ရှင်းသောဝိညာဉ်တော်ပေးအပ်ရန် သခင်ယေရှု ကတိထားတော်မူခဲ့သည်။

*ယော* သခင်ယေရှုသည် မိမိ၏နောက်လိုက်တပည့်တော်များအား ထူးခြားသောစကားကို ပြောခဲ့သည်။
*၁၆း၅-၇* "ငါ သွားခြင်းသည် သင်တို့အတွက် ကောင်းသောအရာ ဖြစ်သည်။ ငါ မသွားလျှင် သန့်ရှင်းသော
*ယော ၁၇း၂၆* ဝိညာဉ်တော်သည် သင်တို့ဆီသို့ လာလိမ့်မည်မဟုတ်" ဟု ပြောခဲ့သည်။ လွန်ခဲ့သောနှစ်များစွာက
ဣသရေလလူမျိုးများ၌ သခင်ယေရှုရှိနေခြင်းထက် သာ၍ကောင်းသောတစုံတရာရှိသည်ဟု တွေးမိ
ပါသလား။ သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်မှတဆင့် အချိန်တိုင်းတွင်
ကျွန်ုပ်တို့နှင့်ရှိနေလိမ့်မည်ဟု ကတိထားခဲ့သည်။
ကမ္ဘာပေါ်တွင် သခင်ယေရှု၏နောက်ဆုံးသောနေ့ရက်များအတောအတွင်းတွင် သန့်ရှင်းသော
*လု ၂၄း၄၉* ဝိညာဉ်တော်ကို စေလွှတ်ရန် ကတိထားခဲ့သည်။ "ငါ့ခမည်းတော်၏ကတိရှိသည့်အတိုင်း သင်တို့၌
*ယော ၁၄း၁၆* ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကို မခံမီတိုင်အောင် ယေရုရှလင်မြို့၌ နေကြဦး

လော့ဟု မိန့်တော်မူ၏။” သခင်ယေရှု ထွက်ကြွပြီးနောက် သခင်ယေရှုသည် နောက်လိုက်
တပည့်တော်များအတွက် ဆောင်ရွက်ရန် အလိုရှိခဲ့သည့်အရာသည် သန့်ရှင်းသောဝိညာဉ်တော်ကို
အားလုံးအရေးကြီးကြောင်း ခံယူဖို့ဖြစ်ကြောင်း ထင်ရှားနေပါသည်။ အစောပိုင်းတွင် သခင်ယေရှုသည်
တ ၁း၄-၅ “ယေရုရှလင်မြို့မှ မထွက်မသွားဘဲ ခမည်းတော်၏ဂတိကို ငံ့နေမည်အကြောင်း မှာတော်မူ၍၊ ထို
ကတိတော်ကို ငါဟောပြောသဖြင့်၊ သင်တို့သည် ကြားသိရကြပြီ” ဟု ပြောခဲ့သည်။ သင်တို့သည်
မကြာမမြင့်မီ ***သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်***ဟုလည်း မိန့်တော်မူခဲ့သည်။



## ၂ သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ဗတ္တိဇံခံခဲ့သည်။

သန့်ရှင်းသောဝိညာဉ်တော် မပါရှိဘဲ မိတ်ဆွေများနှင့် အလုပ်လုပ်ခြင်းသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊
ဇာ ၄း၆ အာဏာတန်ခိုးအားဖြင့်လည်း မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော် မပါရှိဘဲ လူသားတွေ အတွက်
ဘုရားသခင်ရဲ့အကြံအစည်သည် ဘယ်တော့မှ ပြည့်စုံလိမ့်မည်မဟုတ်ပေ။ ၎င်းသည် သင်နှင့်
ကျွန်ုပ်အတွက် အတူတူပင် ဖြစ်သည်။ ဘုရားသခင်က သင်တို့အတွက် ပြင်ဆင်ထားတဲ့
ယော ၁၆း၇ အသက်တာမှာ အသက်ရှင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို လိုအပ်သည်။ ဝိညာဉ်တော်ကို
စေလွှတ်ရန် သခင်ယေရှုမိန့်တော်မူသည့်ဂတိတော်ကို ကြည့်ကြပါစို့။

### ၁။ သန့်ရှင်းသောဝိညာဉ်တော်က သင့်ရဲ့အတွင်းထဲမှ မြစ်ကဲ့သို့ စီးဆင်းလိမ့်မည်။

သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း လေးနက်စွာ မိန့်တော်မူခဲ့သည်။
အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တော်အကြောင်းကို လူတွေသိရန် အလိုရှိခဲ့သည်။ ယေရုရှလင်မြို့၌
လူများပြည့်နက်နေချိန်တွင် သခင်ယေရှုသည် ရပ်၍ သန့်ရှင်းသောဝိညာဉ်တော်အကြောင်း
ယော ကြွေးကြော်ခဲ့သည်မှာ “ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။
၇း၃၇-၃၉ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာ ***စမ်းရေတွင်း***ဖြစ်လိမ့်
မည်” ဟု မိန့်တော်မူခဲ့သည်။ ထိုသို့ မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည်
ခံရလတံ့သောဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ၏။ သခင်ယေရှုကို ယုံကြည်သော မည်သည့်
ဇာ ၁၄း၈ လူကိုမဆို ဆိုလိုသည်။ ယုံကြည်သော မည်သူမဆို သန့်ရှင်းသောဝိညာဉ်တော်၏အသက်ပေး
ဟေရှာယ ပိုင်သောတန်ခိုးကို တွေ့ကြုံခံစားရလိမ့်မည်။ သခင်ယေရှု ကြွလာတဲ့အချိန်မှာ ဘုရားသခင်၏
၁၂း၃ အံ့သြဖွယ်တန်ခိုးပြည့်ဝသောမြစ်ရေသည် သင့်ထံသို့ စီးဆင်းမည်ကို သင်မြင်တွေ့ရလိမ့်မည်။

### ၂။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံကို ခံယူရလိမ့်မည်ဟု သခင်ယေရှုမိန့်တော်မူခဲ့သည်။

တ ၁း၅

ဓမ္မသစ်ကျမ်းစာတော်တော်များများကို ဂရိဘာသာစကားဖြင့် ရေးသားခဲ့သည်။ ဂရိဘာသာနှင့် “နှစ်ခြင်း”
ဟူသည့် အဓိပ္ပါယ်သည် နှစ်မြှုပ်ခြင်းကို ဆိုလိုသည်။ ရေထဲ နှစ်မြှုပ်သည်ဟုလည်း အဓိပ္ပါယ်ရသည်။
သခင်ယေရှုသည် သင့်ကို သန့်ရှင်းသောဝိညာဉ်တော်၌ နှစ်မြှုပ်၍ နေစေလိုသည်။ ၎င်း သန့်ရှင်းသော
ဝိညာဉ်တော်သည် သင်၏အတွင်း၊ အပြင်နှင့် သင့်နားတွင် ရှိနေစေလိုသည်။ သန့်ရှင်းသောဝိညာဉ်တော်
သင်၏အထဲတွင် ရှိနေသည့်အခါတွင် သင့်ဘဝတွင် သင်သည် သာမန်ထက် ထူးခြားသော ခြားနားမှု
တစ်ခုကို မြင်တွေ့လာရလိမ့်မည်။ သခင်ယေရှု၏မိတ်ဆွေများသည် သခင်ယေရှုနှင့် တစ်သားတည်း ဖြစ်
သည့်အခါ သန့်ရှင်းသောဝိညာဉ်တော်က သူတို့ထံ ယူဆောင်လာသော အံ့ဖွယ်ပြောင်းလဲမှုကို ကြည့်ပါ။

မ ၂၆း၆၉-၇၅ • ပေတရုသည် သတ္တိနည်း၍ သူရဲဘောကြောင်သူတစ်ယောက် ဖြစ်ခဲ့သော်လည်း ကြောက်ရွံ့မှု
တ ၂း၁၄ ကင်းသော သက်သေခံ တစ်ဦး ဖြစ်လာခဲ့သည်။ သင်လည်း ထိုကဲ့သို့ ဖြစ်လာနိုင်သည်။
တ ၂း၂-၄ • သူတို့အားလုံးသည် အမျိုးမျိုးသောဘာသာစကားများကို ပြောခဲ့ကြသည်။ သင်လည်းပဲ ပြောနိုင်သည်။

• ပထမဦးဆုံးသော ယုံကြည်သူ အနည်းစုသည် လျင်မြန်စွာ ကြီးထွားလာသည့် အသင်းတော်
တ ၂း၄၀-၄၁ ဖြစ်လာခဲ့သည်။ အသင်းတော်သည် နေ့တိုင်း လူသစ်များကို သခင်ယေရှုထံတော်သို့
တ ၂း၄၇၊ ၆း၇ ပို့ဆောင်နိုင်ခဲ့သည်။ သင်လည်းပဲ သခင်ယေရှုထံတော်သို့ အခြားလူများကို ပို့ဆောင်နိုင်သည်။
တ ၃း၁-၁၀ • သခင်ယေရှု၏တပည့်တော်တွေက သခင်ယေရှုပြုလုပ်ခဲ့တဲ့ ကုသခြင်းတန်ခိုးတော် ရရှိကြသည်။
သင်၏အသက်တာတွင် ထိုသို့လည်း ဖြစ်နိုင်သည်။
ရော ၅း၅ • အားလုံးထဲတွင် အရေးကြီးဆုံးမှာ ယုံကြည်သူထောင်ပေါင်းများစွာသည် ဘုရားသခင်၏ချစ်ခြင်း
မေတ္တာ၌ နေထိုင်လာကြရသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး အရာအားလုံးကို မျှဝေကြပြီး၊
တ ၄း၃၂-၃၅ လက်တွေ့ကျသောနည်းဖြင့် ကူညီခဲ့ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏
အသက်တာထဲသို့ ထိုချစ်ခြင်းမေတ္တာကို ယူဆောင်လာပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည်
သခင်ယေရှုကို ယုံကြည်သောလူတိုင်းအတွက် ဖခမည်းတော်က ကတိတော် ထားခဲ့သည့်
လက်ဆောင်မွန်ဖြစ်ပြီး၊ ကမ္ဘာကြီးထဲမှာ ထူးခြားမှုအားလုံးကို ပြုလုပ်ပေးတော်မူသည်။

## ၃။ သန့်ရှင်းသောဝိညာဉ်တော် စတင်သောကာလ

ကမ္ဘာ့သမိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်ခဲ့သောနေ့ရက်သည် အလှည့်အပြောင်း
ဖြစ်စေသော အချက်တစ်ခု (သို့) အမှတ်သင်္ကေတတစ်ခု ဖြစ်ခဲ့သည်။ နှစ်ရာပေါင်းများစွာ ကတိထား
ခဲ့သည့်အရာသည် ယခုတွင် လက်တွေ့အမှန် ဖြစ်လာခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏နှစ်
ဖြစ်သော အသစ်သောအချိန်ကာလသည် အစပြုခဲ့ပြီးပြီဖြစ်သည်။ ယနေ့တွင် ကျွန်ုပ်တို့သည် သန့်ရှင်း
တ ၂း၂-၄ သောဝိညာဉ်တော်ကာလတွင် အသက်ရှင်နေဆဲပင် ဖြစ်သည်။ “လေပြင်းမုန်တိုင်းကဲ့သို့သောအသံ
သည် တခဏခြင်းတွင် ကောင်းကင်မှလာ၍ ထိုသူတို့နေထိုင်သောအိမ်ကို ဖြည့်လေ၏။ ***ထိုခဏချင်း
တွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍ ထိုသူအသီးသီးတို့အပေါ်၌ တည်နေကြ၏။***”
သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏ဘဝအသက်တာများကို ပြောင်းလဲခဲ့သည်။ သူတို့မှတဆင့်
ယေရုရှလင်မြို့တစ်မြို့လုံးကိုလည်းပဲ ပြောင်းလဲနိုင်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ချစ်ခြင်း
မေတ္တာနှင့် တန်ခိုးကို ဆန့်ကျင်၍ မည်သူမျှ မရပ်တည်နိုင်ခဲ့ပါ။ ယေရုရှလင်မြို့အပြင်ဘက်တွင်ပင်
တ ဘဝအသက်တာ ပြောင်းလဲစေသောအဖြစ်အပျက် မှာ ဆက်လက် ဖြစ်ပျက်ခဲ့သည်။ ကောနေလိနှင့်
၁၀း၄၄-၄၇ သူ၏မိတ်ဆွေ၊ ဆွေမျိုးများလည်းပဲ ဝိညာဉ်တော်၌ ဗတ္တိဇံကို ခံယူခဲ့သည်။ ပေတရုနှင့်အခြားသူများကို
ပြုလုပ်ပြီးခဲ့သကဲ့သို့ ကောနေလိနှင့် သူ၏မိတ်ဆွေ၊ ဆွေမျိုးများလည်းပဲ ဝိညာဉ်တော်၌ ဗတ္တိဇံကို
ခံယူခဲ့သည်။ ဝိညာဉ်တော်သည် ဆက်လက်လုပ်ဆောင်တော်မူသည်။

## ၄။ သန့်ရှင်းသောဝိညာဉ်တော်ကို ယခုပင် ရရှိနိုင်သည်။

သခင်ယေရှု မိန့်တော်မူခဲ့သည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော် ကြွရောက်လာခဲ့သည့်နေ့မှစ၍
ဝိညာဉ်တော်ကို ဆာငတ်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိနိုင်သည်။

အကယ်၍ ရေငတ်လျှင် ရေသောက်ရလိမ့်မည်။ ဘုရားသခင်ကို ဆာငတ်လျှင်မူ၊သန့်ရှင်းသော
ဝိညာဉ်တော်ကို တောင်းခံလိုက်ပါ။ သခင်ယေရှုကို သင် ရရှိသကဲ့သို့၊ သန့်ရှင်းသောဝိညာဉ်တော်ကို
ရယူလိုက်ပါ။ သင့်ရဲ့အသက်တာထဲသို့ ဝင်ရောက်လာရန် ဖိတ်ခေါ်လိုက်ပါ။ သခင်ယေရှု
ကြွရောက်လာသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်လည်း ဝင်ရောက်လာလိမ့်မည်။ ဘုရားသခင်သည်
မျက်နှာမလိုက်ပါ။ အပယ်ခံ လူတန်းစားများဖြစ်သော တစ်ပါးအမျိုးသားများ၊ ရှမာရိလူမျိုးများဆီသို့
သန့်ရှင်းသောဝိညာဉ်တော်သည် ပေတရုနှင့် သူ၏နောက်လိုက်များအားဖြင့် ရောက်ရှိခြင်းကို
ဘုရားသခင်သည် နှစ်သက်ခဲ့သည်။ ဘုရားသခင်၏ကတိတော်သည် အားလုံးအတွက်ဖြစ်၍
တ ၂း၃၈-၃၉ သင်နှင့်ကျွန်ုပ်လည်း ပါဝင်သည်။ “ဂတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏သားသမီးတို့နှင့်၎င်း၊
ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင် ထာဝရဘုရား ခေါ်တော်မူသမျှသောသူတို့နှင့်၎င်း
ဆိုင်သည်။” နားထောင်ပါ။ အကယ်၍ သင်သည် အပြစ်သား ဖြစ်သော်ငြားလည်း သင်၏သားသမီး

များကို ကောင်းသောအရာကို ပေးလိုပါက ***ဘုရားသခင်သည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော် သာ၍ပေးလိမ့်မည်ကို သိမှတ်ပါ။*** တောင်းသောသူတိုင်း ရရှိလိမ့်မည်။ သင်လည်း
*လု ၁၁း၁၃* ရရှိလိမ့်မည်။ ဖခမည်းတော်၏အံ့သြဖွယ်ဂတိတော်ပါတကား။ ဘုရားသခင်၏မယုံကြည်နိုင်လောက်အောင် ကြီးမားသော ချစ်ခြင်းမေတ္တာအတွက် ကျေးဇူးတော်ချီးမွမ်းလိုက်ပါ။
*၁ကော ၂း၁၂*

## သမ္မာကျမ်းစာမေးခွန်း

### သန့်ရှင်းသောဝိညာဉ်တော်သည် မည်ကဲ့သို့နည်း။

သခင်ယေရှု၏တပည့်တော်များနှင့် ရှိခဲ့သော နောက်ဆုံးသောအချိန်နာရီများသည် အလွန်ပင် ထူးခြားခဲ့သည်။ ၎င်းအချိန်များအတောအတွင်းတွင် တပည့်တော်များအား အလိုတော်များကို ဖော်ပြခဲ့သည်။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ လုပ်ဆောင်ရန် များစွာ ပါရှိသည်။ သခင်ယေရှု၏ အလိုတော်သည် ပထမဦးဆုံးတပည့်တော်များအတွက်သာမဟုတ်ဘဲ၊ ကျွန်ုပ်နှင့် သင့်အတွက်လည်း ဖြစ်တော်မူသည်။ ယော ၁၄း၁၅ – ၁၆း၁၆ တွင် သန့်ရှင်းသောဝိညာဉ်တော်သည် မည်ကဲ့သို့ ဖြစ်သည်ကို ယေရှုသည် ကျွန်ုပ်တို့အား ပြောပြသည်။ ဒီစာမျက်နှာ လေ့လာကြပါစို့။

✔ **ပထမဦးစွာ ယော ၁၄း၁၅ – ၁၆း၁၆ ကို ဖတ်ပြီး “ဝိညာဉ်တော်” နှင့် “ဥပဒ္ဒျာယ်ဆရာ” ကို မျဉ်းသားပါ။ “ဥပဒ္ဒျာယ်ဆရာ” သည် သန့်ရှင်းသောဝိညာဉ်တော်၏ အမည်နာမတစ်ခု ဖြစ်သည်။**

✔ **ဒုတိယအနေဖြင့် သခင်ယေရှု သင့်ကိုပြောသော သန့်ရှင်းသောဝိညာဉ်တော်အကြောင်း စာရင်း ပြုစုပါ။**

✍ **သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ဖော်ပြ၍ ဝိညာဉ်တော်သည် မည်သူဖြစ်ကြောင်း ပြောပါ။**

✍ **သခင်ယေရှု မိန့်တော်မူသည့် သန့်ရှင်းသောဝိညာဉ်တော် ပြုလုပ်သည့်အလုပ်များကို ရေးချပါ။**

✔ တတိယအနေဖြင့် အောက်ပါကျမ်းပိုဒ်များကို ဖတ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်များအပေါ်သို့ ဆင်းသက်သောအခါ မည်သည့်အရာများ ဖြစ်ပျက်ခဲ့သည်ကို ရေးချပါ။

တ ၂း၄ ______________________________

______________________________

တ ၂း၁၇ ______________________________

______________________________

တ ၅း၃၂ ______________________________

______________________________

တ ၇း၅၅ ______________________________

______________________________

တ ၈း၁၅ - ၁၇ ______________________________

______________________________

တ ၈း၂၉ ______________________________

______________________________

တ ၉း၃၁ ______________________________

______________________________

တ ၁၀း၄၄ - ၄၆ ______________________________

______________________________

တ ၁၁း၂၈ ______________________________

______________________________

တ ၁၃း၅၂ ______________________________

______________________________

တ ၁၉း၆ ______________________________

## ၇ သင်သည် အဘယ်ကြောင့်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ရန် လိုအပ်သနည်း။

သမ္မာကျမ်းစာက "သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စေကြလော့" ဟု ဖော်ပြထားသည်။ ပထမဦးဆုံး ယုံကြည်သူများလည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခဲ့သည်။ သို့သော် အဘယ့်ကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝရန် လိုအပ်ရသနည်း။

- **ကျွန်ုပ်သည် ပြည့်စုံကောင်းမွန်သော၊ တကိုယ်ကောင်းမဆန်သောမေတ္တာနှင့် ချစ်တတ်ပါသလား။**

**❑ ချစ်ပါသည်　　❑ မချစ်နိုင်သေးပါ။**

*ဖေက် ၅:၁၈-၂၀*

ချစ်ခြင်းမေတ္တာသည် ဝိညာဉ်တော်၏အသီးအပွင့်ဖြစ်သည်။ ဘုရားသခင်၏အလိုဆန္ဒသည် ကျွန်ုပ်တို့အားလုံး ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝနေရန် ဖြစ်သည်။ "ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် တစ်ယောက်ကိုတစ်ယောက် ချစ်ကြလော့"။ ဘုရားသခင်သည် သင့်ကို ကူညီလိမ့်မည်။ ဘုရားသခင် မိန့်တော်မူသည်မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဖြေရှင်းချက်အဖြေပင် ဖြစ်သည်။ "ကျွန်ုပ်တို့ကို ပေးထားသည့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏နှလုံးသားများထဲသို့ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သွန်းလောင်းတော်မူခဲ့သည်။ ချစ်ခြင်းမေတ္တာမြစ်ရေသည် သင့်ထံသို့ စီးဆင်း

*ယော ၁၃:၃၄*

လိမ့်မည်။ ရှင်ပေါလုသည် ၎င်းကို ဝိညာဉ်တော်၏အသီးအဖြစ် ဖော်ပြထားသည်။

*ရော ၅:၅*

- **ကျွန်ုပ်သည် သခင်ယေရှုအကြောင်းကို ရဲဝံ့စွာ သက်သေခံပါသလား။**

**❑ ချစ်ပါသည်　　❑ မချစ်နိုင်သေးပါ။**

*ဂလာတိ ၅:၁၆-၂၆*

အကယ်၍ သင်သည် "မဟုတ်ပါ" ဟု ဖြေလျှင် သင်၏အသက်တာထဲသို့ သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်၍ ခွင့်ပြုသောအခါ အဖြေသည် ပြောင်းလဲသွားပါလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်သည် သခင်ယေရှုအကြောင်း သက်သေခံမှုဝေရန် သင့်ကို ရဲရင့်မှု ပေးလိမ့်မည်။ "သန့်ရှင်းသောဝိညာဉ်တော် သင်တို့ဆီသို့ ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ရ၍ ငါ၏သက်သေခံများ ဖြစ်ကြလိမ့်မည်" ဟု သခင်ယေရှု မိန့်တော်မူခဲ့သည်။ အကယ်၍ ဟုတ်ကဲ့ဟု ဖြေပါက သန့်ရှင်းသောဝိညာဉ်တော်သည် သာ၍ကြီးမြတ်သောရဲရင့်မှုကိုပေး၍ သခင်ယေရှုအတွက် လူများကို ရရှိခြင်း တန်ခိုးနှင့် ပျော်ရွှင်ဝမ်းမြောက်မှုများ ပွားများ လာမည်ဖြစ်သည်။

*တ ၁:၈*

- **ကျွန်ုပ်သည် သမ္မာကျမ်းစာနှင့် ဘုရားသခင်၏ကတိတော်များကို အပြည့်အဝ နားလည်ပါသလား။**

**❑ ချစ်ပါသည်　　❑ မချစ်နိုင်သေးပါ။**

သင်သည် သမ္မာကျမ်းစာနှင့် ဘုရားသခင်၏ကတိတော်များကို နားလည်ရန် သန့်ရှင်းသော ဝိညာဉ်တော်က ကူညီပေးပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ သန့်ရှင်းသောဝိညာဉ်တော်ကို အခမဲ့ ရရှိပြီးပြီ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၊ ဉာဏ်ပညာနှင့် ကယ်တင်ခြင်းခံရခြင်းကို သင့်၏ဉာဏ်မျက်စိကို အလင်းပေးသည်။ သန့်ရှင်းသော ဝိညာဉ်တော် မပါရှိဘဲ ဘုရားသခင်၏ အကြံအစည်နှင့် ရည်ရွယ်ချက်ကို သင် မည်သောအခါမျှ နားလည်မည် မဟုတ်ပါ။

*၁ကော ၂:၁၂*

*ဖေက် ၁း၁၇၊၁၈။*

- **ရှင်ပေါလုပြောသည့် ဝိညာဉ်တော် ဆုကျေးဇူးများ သင့်၌ ရှိပါသလား။ အခြားသူများကို ကုသခြင်း၊ ဉာဏ်ပညာစကားများပြောခြင်း၊ ပရောဖက်ပြုခြင်း(သို့) အခြားသောဘာသာစကားများ ပြောဆိုပါသလား။**

❑ **ချစ်ပါသည်** ❑ **မချစ်နိုင်သေးပါ။**

*၁ကော ၁၂း၇-၁၁* သန့်ရှင်းသောဝိညာဉ်တော်သည် သူ့ကိုဆာငတ်သောယုံကြည်သူများကို ဝိညာဉ်ဆုကျေးဇူးများကို ပေးတော်မူသည်။ "သန့်ရှင်းသောဝိညာဉ်တော်ကို အလွန်အလိုရှိကြလော့" ဟု သမ္မာကျမ်းစာက ဖော်ပြထားသည်။ ၎င်းအရာများသည် သင့်အတွက်ပင် ဖြစ်သည်။

### သင် အမှတ် မည်ကဲ့သို့ ရရှိခဲ့သနည်း။

*၁ကော ၁၄း၁* အကယ်၍သင်သည် "မဟုတ်ပါ" ဆိုသောအဖြေ လေးကြိမ်ရရှိခဲ့သော် မစိုးရိမ်ပါနှင့်။ အဖြေရှိပါသည်။ ဘုရားသခင်သည် သင်၏ မဖြစ်နိုင်ဟု ဖြေသည့်အဖြေများကို ဖြစ်နိုင်သည် ဟူသည့်အဖြေများအဖြစ်သို့ ပြောင်းလဲနိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၌ နှစ်ခြင်းခံယူပြီး၊ တစ်ရက်စီတွင် သန့်ရှင်းသောဝိညာဉ်တော် ပြည့်ဝနေစေရန် တောင်းခံပါ။ သန့်ရှင်းသော ဝိညာဉ်တော်သည် အံ့ဖွယ်မိတ်ဆွေ ဖြစ်သည်။ ဝိညာဉ်သည် သင့်ကို ကူညီပေးသူနှင့် အကြံပေးသူ ဖြစ်သည်။ ဝိညာဉ်သည် သင့်ကို သမ္မာတရားထဲသို့ ဦးဆောင်ပေးသူတစ်ဦး ဖြစ်သည်။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို သင့်အသက်တာထဲသို့ ဖိတ်ခေါ်ပါက ဝိညာဉ်သည် သင့်ကို လုံးဝဥဿုံ ပြောင်းလဲပေးလိမ့်မည် ဖြစ်သည်။ သို့သော်လည်း ပထမဦးစွာ သင်သည် ဝိညာဉ်တော်၌ ဗတ္တိဇံခံရမည် ဖြစ်သည်။ ၎င်းသည် မည်ကဲ့သို့ ဖြစ်ပျက်နိုင်သနည်း။ ဆက်ဖတ်ပါ။

# ပြုလုပ်ရမည့်အချိန်

## ယုံကြည်ခြင်းသည် အပြုအမူနှင့်ကိုယ်တိုင်ဖော်ပြသည်။

ယာ ၂း၁၇ အကယ်၍ သင်သည် စာဖတ်ခြင်း၊ စကားပြောခြင်း (သို့) တွေးခေါ်စဉ်းစားခြင်းသာ ပြုလုပ်ပြီး၊ တခါမှ လက်တွေ့မလုပ်ဆောင်ပါက သင်၏ယုံကြည်ခြင်းသည် အလုပ်မဖြစ်ပါ။ ဤသင်ခန်းစာတွင် ဘုရားသခင်သည် သင့်ကို ကတိထားသောအရာကိုရယူရန် ကျွန်ုပ်တို့ သင့်ကို တောင်းဆိုထားသည်။

သင်သည် ပထမဦးဆုံး ဝိညာဉ်တော်၌ ဗတ္တိဇံယူခဲ့ကြသည်။ လူတွေကဲ့သို့ပင် တူညီသောတန်ခိုးကို
တ ၂း၄ တွေ့ကြုံ ခံစားရလိမ့်မည်။ "ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကိုပေးတော်မူသည့်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။"

## ၁။ သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံမင်္ဂလာသည် အားလုံးအတွက် ဖြစ်သည်။

၄င်းသည် လူ "***အားလုံး***" က သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခဲ့သည်ဟု ဆိုလိုသည်။ ၄င်းလူများသည် မတူညီသောဘဝအခြေအနေများရှိသော အမျိုးသား၊ အမျိုးသမီးများ အပါအဝင် လူပေါင်း ၁၂၀ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရန် သင်သည် ထူးခြားသောအရည်အချင်းများ မလိုပါ။ သင်လိုအပ်သည့်အရာအားလုံးသည် သခင်ယေရှုခရစ်တော်သည် အရှင်သခင်ဖြစ်သည်ကို ဝန်ခံရန်ဖြစ်သည်။

## ၂။ "လူအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခဲ့သည်။"

***ယခုပင် ဘုရားသခင်အား ကျေးဇူးတင်ပါ။ "အဖဘုရား၊ သခင်ယေရှုကို ယုံကြည်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိရန် အသင့်ဖြစ်နေရတဲ့အတွက် ကျေးဇူးတင်ပါတယ်"***

သင်တောင်းလျှင် ရလိမ့်မည်။ သင်သည် စောင့်ဆိုင်းနေရန်မလိုပါ။ အကြောင်းမှာ ဝိညာဉ်တော်ကို သင့်ထံ ပေးထားပြီးပြီ ဖြစ်၍ ဖြစ်သည်။ သမ္မာကျမ်းစာတွင် ယုံကြည်သူတစ်ယောက်သည်
တ ၁၉း၆ ဝိညာဉ်တော် ဆာငတ်နေသူတို့ပေါ်သို့ လက်တင်သောအခါ ***ချက်ခြင်းပင် ထိုသူတို့သည် ဝိညာဉ်တော်ကိုရ၍ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝကြ၏။*** စိတ်ခံစားချက်တစ်မျိုးမျိုးနှင့် မဟုတ်ဘဲ ဆုံးဖြတ်ချက်ချခြင်းဖြင့် သခင်ယေရှုကို သင် ရရှိခဲ့သည်။
သင်သည် "သခင်ယေရှု၊ ကျွန်ုပ်သည် သခင်ကို ကျွန်ုပ်၏ကယ်တင်ပိုင်ရှင်အဖြစ် ရရှိသည်" ဟု ပြောခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ထိုကဲ့သို့ အရယူလိုက်ပါ။ ချက်ခြင်းပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလိမ့်မည်။ လူအချို့သည် အကြိမ်တစ်ကြိမ်၌ပင် တန်ခိုးပြည့်ဝသော ရရှိခြင်းကို ခံစားကြရသည်။ သို့သော် ခံစားချက်ဖြင့် မသွားပါနှင့်။ ဘုရားသခင်၏ကတိတော်ကို
လု ၁၁း၁၃ ယုံကြည်ကိုးစားပါ။ သန့်ရှင်းသောဝိညာဉ်တော်ကို သင့်ဆီပေးရန် အဖဘုရားသခင်ကို တောင်းလျှင် တောင်းချင်းပင် ဘုရားသခင်သည် ပေးလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် တည်ရှိနေခြင်းကို သင်သည် တွေ့ကြုံခံစားရလိမ့်မည်။

**အဖဘုရားသခင်ကို ယခုပင် တောင်းပါ။ "အဖဘုရားသခင်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ကျွန်ုပ်ကို သွန်းလောင်းပေးရန် တောင်းခံပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို ယခုပင် ကျွန်ုပ် ရရှိပါပြီ" ဖြောင့်မတ်စွာဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ကျေးဇူးတင်ရန် အစပြုပါ။**

## ၃။ "ဝိညာဉ်တော်သည် သူတို့ကို ပြောစရာစကားကိုပေးသည့်အတိုင်း သူတို့သည် အခြားသောဘာသာစကားများကို ပြောကြ၏။"

သခင်ယေရှု ပြောခဲ့သည်မှာ "ယုံကြည်သူများသည် ထူးခြားသောဘာသာစကားများကို ပြောကြ
လိမ့်မည်။ ၎င်းသည် အမှန်ပင် ဖြစ်ပျက်လိမ့်မည်"ဟု ဖြစ်သည်။ သူတို့ ဘယ်သောအခါမှ မပြောဘူး
တ ၁၉း၆ ခဲ့သည့် ထူးခြားသောဘာသာစကားကို သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို ပေးခဲ့သည်။
၁ကော တမန်တော်ဝတ္ထုတွင် အသစ်သောယုံကြည်သူများသည် ဝိညာဉ်တော်ကို ရရှိပြီး၊ ဘာသာစကားအမျိုး
၁၄း၁-၅ မျိုးကို ပြော၍ ပရောဖက်ပြုကြ၏။ ၎င်းကျေးဇူးတော်များသည် သင့် အတွက်လည်းပဲ ဖြစ်သည်။

### ✔ အခြားသောဘာသာစကားပြောဆိုခြင်းသည် သဘာဝလွန်ဖြစ်ရပ်ဖြစ်သည်။

သင်သည် ဘာသာစကားအမျိုးမျိုးကိုပြောနေသောအခါ ဝိညာဉ်တော်သည် သင့်အထဲ၌ရှိသည်။
သင်သိသည့် ဘာသာစကားကို သင်မပြောပါ။ သင်၏စိတ်နှင့် စကားမပြောပါ။ သို့သော်
၁ကော သင်၏ဝိညာဉ်နှင့်စကားပြောနေခြင်း ဖြစ်သည်။ သင်၏ ကိုယ်ပိုင်ဘာသာစကားပြောနေခြင်းကို
၁၄း၁၃-၁၇ ရပ်တန့်လိုက်ပါ။ သင်၏ဝိညာဉ်နှင့်အတူ ဘုရားသခင်ကို ချီးမွမ်းခြင်းကို အစပြုလိုက်ပါ။ ၎င်း
သည် ရေဒီယိုနားထောင်နေခြင်းနှင့် တူသည်။ အစီအစဉ် နံပါတ် (၂)ကို နားဆင်ရန်
အစီအစဉ်(၁)ကို ပိတ်လိုက်ရမည် ဖြစ်သည်။ ထို့ကြောင့် သင်၏ကိုယ်ပိုင်ဘာသာစကားကို
ရပ်လိုက်ပါ။ သင်၏စိတ်နှင့်စကားပြောခြင်းကို ရပ်လိုက်ပြီး၊ အခြားသောဘာသာစကားများကို
ဝိညာဉ်နှင့်ပြောခြင်းကိုအစပြုပါ။

### ✔ သင်သည် စကားပြောခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်မဟုတ်ပါ။

သင်သည် ဘုရားသခင်ကိုကျေးဇူးတင်ခြင်းနှင့်စကားပြောခြင်း စတင်သောအခါ သန့်ရှင်းသော
ဝိညာဉ်တော်သည် အံ့သြဖွယ်စကားလုံးများဖြစ်သော အသစ်သောစကားလုံးများကို ထူးခြားစွာပေး
တ ၂း၄ လိမ့်မည် ဖြစ်သည်။ ထိုကျမ်းပိုဒ်ကို ထပ်၍ကြည့်ပါ။ "***ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော
ဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည် အတိုင်း
အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။***" သင်၏အဆုတ်သည်
လေနှင့်ပြည့်သောအခါ အသက်ရှူ၍ အသံထွက်စေရန် သင်၏နှုတ်ကို ဖွင့်လိုက်ပါ။ သန့်ရှင်းသော
ဝိညာဉ်တော်သည် စကားလုံးများကို သင့်အားပေးလိမ့်မည်။ ပထမဦးစွာ ထွက်လာသည့်စကားလုံး
များသည် အလွယ်ကူဆုံး ဖြစ်ကြသည်။

### ✔ သန့်ရှင်းသောဝိညာဉ်တော်သည် စကားလုံးများကို ပေးသည်။

မသဲ မမှန်ကန်သောစကားလုံးများကိုပြောမိရန် မစိုးရိမ်ပါနှင့်။ သင် တောင်းခံပါက သန့်ရှင်းသော
၇း၉-၁၁ ဝိညာဉ်တော်ကို ရလိမ့်မည်။ ပြီးလျှင် ထူးခြားသော၊ ကောင်းမြတ်သောစကားလုံးများကို
ပြောလိမ့်မည်။

### ✔ ယခုပင် အစပြုပါ။

မျက်လုံးများကို မှိတ်လိုက်ပါ။ လက်များ မြှောက်လိုက်ပါ။ ပြီးလျှင် အသစ်သောဘာသာစကားဖြင့်

ဘုရားသခင်ကို ချီးမွမ်းခြင်း အစပြုလိုက်ပါ။ ၎င်းသည် ဖြစ်လာလိမ့်မည်။ သင့်ဆီမှ ထိုဆုကျေးဇူးကို မကောင်းမှုအပြစ်က ခိုးယူသွားရန် ခွင့်မပြုပါနှင့်။ မကောင်းမှုသည် လိမ်ညာသူ ဖြစ်သည်။ "သင်သည် ၎င်းကို သင်ကိုယ်တိုင် လုပ်နိုင်သည်" ဟု မကောင်းသောမာရ်နတ်က ပြောလိမ့်မည်။ ဘုရားသခင်၏ဂတိအပေါ် ဘုရားသခင် သစ္စာရှိသည်ကို သင် ပို၍ ကောင်းစွာသိသည်။ နေ့တိုင်း အခြားသောဘာသာစကားကို ပြောပါ။ သင်၏ ကျန်ရှိသောဘဝအသက်တာ အတွက် တစ်ရက်မှာ အကြိမ်များစွာ ပြောပါ။ အချို့သောသူများသည် စကားကို တောက်လျှောက်ပြောခြင်းဖြင့် အစပြုသည်။ အခြားသောသူများသည် ရိုးရှင်းသောအသံထွက်အနည်းငယ်ဖြင့် အစပြုသည်။ ၎င်းသည် အရေးမကြီးပါ။ အံ့ဘွယ်ရာသည် အစပြုပြီးဖြစ်သည်။

## သခင်ယေရှု၌ ချစ်လှစွာသော ညီအစ်ကိုမောင်နှမများ

သခင်ယေရှုခရစ်၏သန့်ရှင်းသောဝိညာဉ်တော်၊ ဆုကျေးဇူးအတွက် ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပါ။ ဝိညာဉ်တော်သည် သင်၏မိတ်ဆွေနှင့်အကြံပေးနစ်သိမ့်သူ ဖြစ်လာလိမ့်မည်။ အချိန်တိုင်း၊ အခြေအနေတိုင်းတွင် ဝိညာဉ်တော်ကို ယုံကြည်ကိုးစားပါ။ ဝိညာဉ်တော်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ တန်ခိုးတော်နှင့် သင့်ကို ပြည့်ဝစေလိမ့်မည်။ သင်၏ဘဝအတွက် အကောင်းဆုံးလမ်းကို လမ်းပြလိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် အံ့ဩဖွယ် ပေါင်းသင်းဆက်ဆံမှုကို သင်သည် ရယူပြီးပြီဖြစ်သည်။ နေ့ရက်တိုင်းမှာ သင့်ကို သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းရန်နှင့် ဆက်ပြီးသွန်းလောင်းစေရန် ဘုရားသခင်ကို တောင်းခံပါ။ (ဧ ၅း၁၈ - ၂၀)။ ၎င်းသည် အစပြုခြင်းတစ်ခုပါ။ သို့သော် အံ့ဖွယ်အစပြုခြင်းပင် ဖြစ်သည်။

ဤသင်ခန်းစာကို နောက်တစ်ကြိမ်လေ့လာရန် ၎င်းသည် သင့်ကို အကူအညီဖြစ်စေမည်ကို သင် တွေ့မြင်လိမ့်မည်။ ယနေ့ သင် ရယူသောအရာသည် သင်၏ဘဝကို အမြဲတမ်း ပြောင်းလဲစေလိမ့်မည်။

## မှတ်သားရန်အချိန်

စာရွက်ပေါ်တွင် ကျမ်းပိုဒ်များ ချရေးပါ။ နေ့တိုင်း အကြိမ်များစွာ ဖတ်ပါ။ ကားပေါ်မှာ အနားယူချိန်မှာ၊ မိသားစုနှင့် အစားအစာစားချိန်များတွင် ပြုလုပ်နိုင်သည်။

**"ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်၍၊ ဝိညာဉ်တော်သည်
ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း
အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။"** *တ ၂း၄*

**"ငါတို့အား ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကို
ငါတို့စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူ၏။"** *ရော ၅း၅*

# သင့်ကိုလွတ်မြောက်စေမည့် ဘုရားသခင်၏ နှုတ်ကပတ်တော်

**ဤသင်ခန်းစာပါ အကြောင်းအရာများ –**

စစ်မှန်သောလွတ်မြောက်မှုသည် ဘုရားသခင်၏နှုတ်တော်ထွက်စကားအားဖြင့် အသက်ရှင်ခြင်းမှ လာသည်။ ဘုရားသခင်၏နှုတ်တော်ထွက်သည် သမ္မာကျမ်းစာဖြစ်၍ ၎င်းသည် သင့်အထဲ၌ အလုပ်လုပ်သည်။ သမ္မာကျမ်းသည် သင့်ကိုလွတ်မြောက်စေ၍ သမ္မာတရားကို ပြသည်။ ၎င်းသမ္မာတရားသည် သင်၏ဘဝကို ပြောင်းလဲပစ်လိမ့်မည်။

ယနေ့ သင်ယူရမည်မှာ

- **ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုသည်မှာအဘယ်နည်း။**
- **၎င်းသည် မည်ကဲ့သို့ အလုပ်လုပ်ပါသနည်း။**
- **၎င်းသည် သင့်ကို မည်ကဲ့သို့ လွတ်မြောက်စေနိုင်ပါသနည်း။**



## ၁ ဘုရားသခင်၏နှုတ်တော်ထွက်သည်အဘယ်နည်း။

သင်၏ဘဝတွင် အမြဲတမ်းဖြစ်နိုင်သည့် အကောင်းဆုံးအရာကို ဘုရားသခင်၏ နှုတ်တော်ထွက်က ပေးထားပြီ ဖြစ်သည်။ ၎င်းသည် ကယ်တင်ခြင်းပင်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ နှုတ်တော်ထွက်မှတဆင့် ဖြစ်ပျက်သည်။

- သင်သည် သခင်ယေရှုအကြောင်း နှုတ်ကပတ်တော်ကို ကြားခဲ့သည်။
- နှုတ်ကပတ်တော်ထဲတွင် ကတိတော်ကို သင် ရရှိခဲ့သည်။
- နှုတ်ကပတ်တော်အားဖြင့် သင်စကားပြောခဲ့သည်။
- နှုတ်ကပတ်တော်တွင် ရေးသားထားသည့်အတိုင်း ဘုရားသခင်သည် အမှန်ပင် ပြုတော်မူခဲ့သည်။

၁ပေ ***"သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သောမျိုးစေ့အားဖြင့် ဖြစ်ဘွားသည်မဟုတ်။***
၁း၂၃-၂၅ ***မဖောက်ပြန် မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသည်။"***


ယာ ၁း၁၈ နှုတ်ကပတ်တော်အားဖြင့် သင်သည် အသစ်တဖန် မွေးဖွားပြီဟု သမ္မာကျမ်းစာမှ ဖော်ပြထားသည်။ သင့်ကို ကယ်တင်ရန် ဘုရားသခင်သည် နှုတ်ကပတ်တော်ကို အသုံးပြုတော်မူကြောင်းကို သဘောပေါက် နားလည်ပါသလား။ သို့သော် ၎င်းသည် အစဦးပင် ဖြစ်သည်။ သင်သည် သင်၏ကျန်ရှိသောဘဝအတွက် နှုတ်ကပတ်တော်၏တန်ခိုးအားဖြင့် နေထိုင်ရလိမ့်မည်။

## ဘုရားသခင်၏နှုတ်တော်ထွက်သည် သမ္မာကျမ်းဖြစ်၏။ သမ္မာကျမ်းစာသည် သမ္မာတရား ဖြစ်၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင် ပိုင်ဆိုင်နိုင်ပြီး ဖတ်ရှုနိုင်သည့်စာအုပ် ဖြစ်သည်။ ၄င်းသည် အံ့ဖွယ်လက်ဆောင်ပင် ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်ပုဂ္ဂိုလ်အနေဖြင့် ရှိမနေနိုင်သည့်
ယော ၈း၃၁ အတွက် အဖြေတစ်ခု ရှိသည်ကို သိရှိခဲ့သည်။ "သင်သည် ငါ၏သင်ကြားခြင်းကို စွဲမြဲ မှတ်သားထား လျှင် ငါ၏တပည့်တော် အမှန်ပင် ဖြစ်သည်" သခင်ယေရှု၏သင်ကြားခြင်းများကို သမ္မာကျမ်းစာ၌ ရေးသားထားသည်။

## ဘုရားသခင်သည် သမ္မာကျမ်းစာထဲသို့ နှုတ်ကပတ်တော်အသက်ကို မှုတ်သွင်းထားသည်။

သမ္မာကျမ်းစာသည် သာမန်ရိုးရိုးစာအုပ် မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ တမန်တော်များမှတဆင့် စကားပြောခဲ့သည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်က သူတို့ကို
၂တိ ၃း၁၆၊ ၁၇ ပြောခဲ့သည့်အရာကို ချရေးခဲ့သည်။ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှါ၊ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။"




## ဘုရားသခင် ကျွန်ုပ်တို့ကို ပေးထားခဲ့သည့်စာအုပ်

သမ္မာကျမ်းစာ၌ ရေးထားသည့်ကျမ်းများသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်။ သမိုင်းတလျှောက်တွင် ဘုရားသခင်သည် လူများကို သမ္မာကျမ်းစာမှတဆင့် စကားပြောခဲ့သည်။ ဘုရားသခင်၏တန်ခိုးတော်၊ ဖော်ထုတ်တော်မူသောအမှန်တရားများကို သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ သင် ကျမ်းစာကို ဖွင့်ဖတ်သည့်အချိန်တိုင်းတွင် ၄င်းသည် သင့်ကို ကူညီ၍ သင်ကြားပေးလိမ့်မည်။

## သမ္မာကျမ်းစာ၌ မည်သည့်အရာ ပါဝင်သနည်း။

သမ္မာကျမ်းစာတွင် ဓမ္မဟောင်းနှင့်ဓမ္မသစ်ဟူ၍ နှစ်ပိုင်းပါဝင်ပါသည်။ ဓမ္မဟောင်းသည် သခင်ယေရှုအချိန်တွင် ရရှိနိုင်ခဲ့သည်။ သခင်ယေရှု ကောင်းကင်ဘုံ တက်ကြွတော်မူပြီးနောက်ပိုင်းမှ ဓမ္မသစ်ကို ရေးသားခဲ့သည်။ ၄င်းသည် ဘုရားသခင်၏သမ္မာတရားကို သခင်ယေရှုနှင့် တပည့်တော်များ (သို့) တမန်တော်များ၏သင်ကြားခြင်းမှတဆင့် ကျွန်ုပ်တို့ကို ဖော်ပြခဲ့သည်။
ဟေဗြဲ ၄း၁၂ သမ္မာကျမ်းထဲရှိ စကားလုံးတစ်လုံးစီတိုင်းသည် သမ္မာတရား ဖြစ်သည်။ ၄င်းသမ္မာကျမ်းသည်
မဿဲ ၅း၁၈ မှန်ကန်ရုံသာမက ဘုရားသခင်၏တန်ခိုးတော်များနှင့် ပြည့်ဝနေသည်။ သခင်ယေရှုက "ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီး မပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံး ဗိန္ဒုတလုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ"

**ယခုလတ်တလော ကျွန်ုပ်တို့ သင်ယူခဲ့ပြီးသည့်အရာကို နိဂုံးချုပ်ကြည့်ရအောင်။**

ဟေရှာ ၄၀း၈ • သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်တော်ထွက်ဖြစ်၍ ဘယ်သောအခါမှ ပြောင်းလဲခြင်းမရှိပါ။
ယော ၈း၃၁ - ၃၂ • သမ္မာကျမ်းစာသည် သခင်ယေရှုနှင့် နီးကပ်စွာ နေထိုင်ဖို့ သော့ချက် ဖြစ်သည်။

## ၂ သခင်ယေရှုသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်သည်။

ဘုရားသခင်၏နှုတ်တော်ထွက် သမ္မာကျမ်းစာသည် စာအုပ်တစ်အုပ်ထက် ပိုပါသည်။ သခင်ယေရှုသည် နှုတ်ကပတ်တော် ဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာကို ဖန်ဆင်းခဲ့သည့် အချိန်တွင် သခင်ယေရှု ရှိနေခဲ့သည်။

ယော ၁း၁ သခင်ယေရှု မွေးဖွားခဲ့သည့်အချိန်တွင် ဘုရားသခင်၏နှုတ်တော်ထွက်သည် လူ့ဇာတိအသွင်ဖြင့်
က ၁း၂ အမှန်တကယ် ဖြစ်လာခဲ့သည်။ သခင်ယေရှုသည် အသက်ရှင်သောနှုတ်ကပတ်တော် ဖြစ်၏။ "
၁ယော ၁း၁ ရှေးဦးစွာကပင်ဖြစ်၍ ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက်၊ စေ့စေ့ ကြည့်ရှု၍
လက်နှင့် စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သောနှုတ်ကပတ်တော်နှင့်ဆိုင်သော
အရာကို သင်တို့အား ပြသကြ၏။

### နှုတ်ကပတ်တော်သည် သင်၏အိမ်ထဲသို့ လာပြီ။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်၏အိမ်၊ သင်၏ကျောင်း (သို့) သင်၏အလုပ်ထဲသို့ ခွင့်ပြုသော
အခါတွင် သခင်ယေရှုရောက်ရှိလာသည်။ သင်၏အသက်တာ အသေးစိတ်အကြောင်းကို ပြောရန်
သခင်ယေရှု၌ တစုံတရာ ရှိသည်။ သင်နှင့်ထိုင်ခြင်း၊ အလုပ်လုပ်ခြင်းနှင့် စကားပြောခြင်းအားဖြင့်
တစ်ရက်တာတွင် သခင်ယေရှု သင့်နောက်မှ လိုက်နေခြင်းကို စဉ်းစားကြည့်ပါ။ ဘုရားသခင်၏
နှုတ်ကပတ်တော်ကို သင်၏နှလုံးသားနှင့် စိတ်ထဲသို့ ဖြည့်ရန် သင် ခွင့်ပြုသည့်အတွက် ထိုသို့
ဖြစ်လာလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင်နှင့်အတူ လျှောက်လှမ်းလိမ့်မည်။
ကော ၃း၁၆ မည်ကဲ့သို့နည်း။ သင် ရှာဖွေတွေ့ရှိသည့် သခင်ယေရှု၏ အသက်ပေးပိုင်သော
နှုတ်ကပတ်တော်ရှိသည့် သမ္မာကျမ်းစာမှတဆင့် ဖြစ်သည်။

### ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဝိညာဉ်တော်နှင့်အသက် ဖြစ်သည်။

သမ္မာကျမ်းစာသည် စကားလုံးများဖြင့် ရိုးရှင်းသောစာအုပ်တစ်အုပ်သက်သက် မဟုတ်ပါ။ ၎င်းစကားလုံးများသည် အသက်နှင့် ဘုရားသခင်၏အသက် ပါဝင်သည်။ သို့သော် သင်သည် သမ္မာကျမ်းကိုဖွင့်၍ အမှန်တရားကို လက်ခံရယူရမည်ဖြစ်သည်။ ထိုသို့အားဖြင့် အမှန်တရားသည် သာ၍ သင့်ထဲမှာ နေထိုင်ရန် အစပြုလိမ့်မည် ဖြစ်သည်။ အကယ်၍ သမ္မာကျမ်းစာသည် သင်၏ စာအုပ်စင်ပေါ်မှာသာ ရှိနေပါက ၎င်းသည် အမှန်တရားသာဖြစ်နေပြီး မည်သည့်အရာမှ ဖြစ်ပျက်လာလိမ့် မည် မဟုတ်ပါ။

သခင်ယေရှုက "ငါ၏ နှုတ်တော်ထွက်စကားလုံးများသည် ဝိညာဉ်တော်နှင့်အသက်ဖြစ်သည်" ဟု
ယော ၆း၆၃ မိန့်တော်မူသည်။ သမ္မာကျမ်းစာ၏စကားလုံးများသည် အခြားသောစကားလုံးများအားလုံးနှင့် ကွဲပြား
၍ ဝိညာဉ်တော်သည် ဘုရားသခင်ကိုယ်တိုင်ပင်ဖြစ်သည်။ ၎င်းသည် သမ္မာကျမ်းစာမှသင်သည်
စကားလုံးများကို ရရှိသောအခါ ဆိုလိုသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်ကို ပြောင်းလဲရန်
အစပြုသည်။ သင့်ထဲသို့ ဘုရားသခင်၏ကိုယ်ပိုင်အသက်သည် ဝင်ရောက်သည်။

## ၃ နှုတ်ကပတ်တော်သည် သင့်ကိုပြောင်းလဲရန်စတင်သည်။

နှုတ်ကပတ်တော်က သင်၏အသက်တာကို ထိတွေ့ခြင်းသည် ပြောင်းလဲရန် စတင်ခြင်း ဖြစ်သည်။
အကယ်၍ သင်သည် ဖျားနာနေ၍ ဘုရားသခင် မိန့်တော်မူသော အနာရောဂါငြိမ်းခြင်းအကြောင်းကို
ဆာ ၁၀၇း၂၀ ဖတ်လျှင် ကုသ ပျောက်ကင်းစေခြင်းသည် နှုတ်ကပတ်တော်မှတဆင့် သင့်ထံ ရောက်ရှိလာမည်။
ထိုကဲ့သို့ အနုပညာဆန်သော အသက်တာပြောင်းလဲခြင်းတန်ခိုးတော်ကို သမ္မာကျမ်းစာ၌သာ တွေ့

နိုင်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာကို လေ့လာပါ။ ဂတိတော်မြတ်များကို ထုတ်ဖော်ပြောဆို၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌ တည်နေပါ။

## ဘုရားသခင်၏နှုတ်ကပတ်တော် – ခိုင်မာသောအုတ်မြစ်

ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် ပြောင်းလဲနေသောအရာဖြစ်၍ အရာအားလုံးသည် ပြောင်းလဲနေသည်။ အရာဝတ္ထုပစ္စည်းများ၊ အတွေးအခေါ်များ၊ စနစ်များနှင့် ဗဟုသုတများပင် အားလုံး ပြောင်းလဲနေသည်။
မ ၂၄း၃၅ သို့ပြားလည်း "ကောင်းကင်နှင့်မြေကြီး ကွယ်ပျောက်သွားလည်း ငါ၏
စကားသည် မည်သည့်အခါမှ မကွယ်ပျောက်" ဟု သခင်ယေရှု
မိန့်တော်မူသည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည်
ဆာ ၄၀း၂ သင်ရပ်တည်နိုင်သည့် ခိုင်မာသောအုတ်မြစ် ဖြစ်သည်။ ဝိညာဉ်တော်သည်
ကျောက်ပေါ်တွင် ကျွန်ုပ်တို့ကို ရပ်စေနိုင်ရန်၊ ခိုင်မာသောနေရာကို ပေး
ဆာ ၃၃း၄ ခဲ့သည်။ ဘုရားသခင်သည် မိမိ၏ဂတိများကို စောင့်ထိန်းကြောင်းကို သင်
မ ၇း၇ သိနိုင်သည်။ ဘုရားသခင်၏နှုတ်တော်ထွက်သည် တိကျ၍
ယော ၁၅း၇ မှန်ကန်သည့်အတွက် ပြုတော်မူသည့်အရာအားလုံးတွင် ယုံကြည်ရသူ
ဖြစ်သည်။




လက်တွေ့ကျစွာ အသက်ရှင်ကြရအောင်။ အကြောင်းမှာ ဘုရားသခင်သည် လက်တွေ့ကျသောကြောင့် ဖြစ်သည်။ အကယ်၍ သင်၏ အခြေအနေအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်မှ ဂတိတော်မြတ်တစ်ခုရှိလျှင် သင်မည်ကဲ့သို့ ခံစားရသည် (သို့) လူများ မည်ကဲ့သို့ ပြောသည်ဖြစ်ဖြစ် သင်သည် ထိုကတိတော်ပေါ်တွင် ရပ်တည်နိုင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင်၏ခြေအောက်ရှိ မြေကြီးထက်ပင် ပို၍ ခိုင်မာသည်။ တစ်နေ့မှာ ယင်းမြေကြီးသည် ကွယ်ပျောက်သွားလိမ့်မည်။

## ဘုရားသခင်၏နှုတ်ကပတ်တော်ပေါ်တွင် ရပ်တည်နေသော ဥပမာများ

ဘုရားသခင်၏တန်ခိုးတော်ကို သင်၏ဘဝထဲသို့ လာခွင့်ပြုလိုက်ပါ။
၁ကော ၁း၁၈ တမန်တော်ပေတရုက "သခင်ယေရှုသည် သင်နှင့် ကျွန်ုပ်အတွက် အသေခံခဲ့သည့် ကားတိုင်၏
သတင်းစကားသည် ကယ်တင်ခြင်းခံရသောကျွန်ုပ်တို့အတွက် ဘုရားသခင်၏တန်ခိုးတော် ဖြစ်သည်။
အိုး… ကားတိုင်အကြောင်း သတင်းစကားကို ဘုရားသခင်၏တန်ခိုးတော်နှင့် ဖြည့်သည်။

- အကယ်၍ သင်သည် ဘုရားသခင်၏ခွင့်လွှတ်ခြင်းတရားကို တောင်းဆိုသော်ငြားလည်း
သင်သည် အပြစ်ရှိသည်ဟု ခံစားရ၍ တစ်ချိန်တစ်ခါက ပြုလုပ်ခဲ့သည့်အရာများကို မမေ့နိုင်လျှင်
၁ယော ၁း၉ ကားတိုင်ထက်မှ သခင်ယေရှု မိန့်တော်မူ၍ မြွက်ကြားခဲ့သည့်အရာကို အမှတ်ရလိုက်ပါ။ "***ကိုယ်
အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်
ကင်းစင်စေခြင်းငှါ…***"
- အကယ်၍ သင်သည် အထီးကျန်ဆန်၍ မည်သူတစ်ဦးမျှ သင့်ကို ဂရုမစိုက်ဟု ခံစားရလျှင်
ကားတိုင်ပေါ်တွင် ဖြစ်ပျက်ခဲ့သည့်အရာနှင့် သခင်ယေရှုမိန့်တော်မူခဲ့သည့်အရာကို
ဂလ ၄း၆–၇ သတိရလိုက်ပါ။ "***ထိုသို့ သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု
ခေါ်တတ်သောသားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်
စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါကျွန်မဖြစ်၊
သားပင်ဖြစ်ကြ၏။***"

- အကယ်၍ သင်သည် ဖျားနာ၍ ဘုရားသခင်၏အကူအညီကိုလိုအပ်နေလျှင် သင့်ကို ကုသပျောက်ကင်းစေခြင်းအတွက် ကားတိုင်ထက်မှ သခင်ယေရှု ပြုမူခဲ့သည့် မိန့်ဆိုသည်ကို သတိရလိုက်ပါ။
၁ပေ ၂း၂၄ ***“ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။”*** အထက်တွင် ရှင်ပေါလု ပြောခဲ့သည့်အရာကို သင်ကြားခဲ့ရသည်။ ကားတိုင်အကြောင်း အဓိကသတင်းစကားမှာ ဘုရားသခင်၏တန်ခိုးတော် ဖြစ်သည်။ ဘုရားသခင်၏ဂတိတော်ကို သင်ကြွေးကြော်ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်အရ သင်၏ဘဝကို ပြောင်းလဲရန် ဘုရားသခင်ကိုယုံကြည်သောအခါ ၄င်းတန်ခိုးတော်သည် သင်၏ဘဝထဲသို့ ရောက်လာလိမ့်မည်။

## ဘုရားသခင်၏နှုတ်ကပတ်တော်သည် ညွှန်ကြားချက်များကို ယူဆောင်လာသည်။

ဆာ
၁၁၉း၁၀၅ ကျွန်ုပ်တို့သည် မကြာခဏ လမ်းညွှန်မှုကို လိုအပ်သည်။ ကျွန်ုပ်တို့ လုပ်သင့်သည့်အရာနှင့် သွားသင့်သည့် နေရာကို အံ့သြကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင်၏ခြေရှေ့မှာ မီးခွက်ဖြစ်၍ သင်၏လမ်းခရီးကို လင်းစေသည်။ ဘဝ၏ပတ်သက်ဆက်နွယ်မှုတိုင်းကိုပြောရန် သမ္မာကျမ်းစာ၌ တစ်စုံတစ်ခု ရှိသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင် ပို၍ လေ့လာသောအခါ၊ အကူအညီနှင့်လမ်းညွှန်မှုကို သင် ပို၍ ရရှိလိမ့်မည်။ ဘုရားသခင်၏အံ့ဖွယ်တည်ရှိခြင်းတွင် ချစ်ခြင်းမေတ္တာနှင့် တန်ခိုးပါသော အသက်တာကို မည်ကဲ့သို့ ဦးဆောင်ရန်အတွက် နှုတ်ကပတ်တော်မှတဆင့် သင့်ကို ဘုရားသခင် သင်ကြားပေးလိမ့်မည်။

## သမ္မာကျမ်းမေးခွန်း

**လေ့ကျင့်ခန်း (၁) အောက်ပါတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖော်ပြထားသော ကျမ်းပိုဒ်များအချို့ဖြစ်ကြသည်။ ၄င်းတို့ကိုကြည့်၍ ၄င်းတို့ပြောသည့်အရာကို ချရေးပါ။**

၂ရာ ၂၂း၁၁ ________________________________________

________________________________________

သုတ္တံ ၃၀း၅ ________________________________________

________________________________________

ယော ၁၇း၁၇ ________________________________________

________________________________________

ဟေဗြဲ ၄း၁၂ ________________________________________

________________________________________

ဖိ ၂း၁၆ ________________________________________

________________________________________

ဆာ ၁၁၉း၁၀၃

ဆာ ၁၁၉း၁၃၀

ယော ၆း၆၃

**လေ့ကျင့်ခန်း (၂) ဘုရားသခင်သည် သင့်ကိုပြောင်းလဲရန်နေရာ (သို့) သင်၏ အခြေအနေ (၃)ခုကို စာရင်းပြုစုပါ။**

၁။

၂။

၃။

**“ဝိညာဉ်တော်နှင့် အသက်၏နှုတ်ကပတ်တော်” စာရွက်ကို ပြန်ကြည့်၍ သင် စာရင်းပြုစုခဲ့သည့် နေရာတစ်ခုစီအတွက် သမ္မာကျမ်းပိုဒ် တစ်ခုရှာပါ။ အောက်တွင် ကျမ်းပိုဒ်များကို မှတ်သား၍ ဘုရားသခင်ပြောသည့်အရာကို ယုံကြည်ကိုးစားပါ။ ဘုရားသခင်၏ဂတိတော်များပေါ်တွင် ရပ်တည်ပါ။**

၁။

၂။

၃။

## လက်တွေ့ပြုလုပ်ရမည့်အချိန်

သင်၏အသက်တာနှင့် သင်၏အိမ်သို့ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်ကဲ့သို့ သက်ရောက်နိုင်သနည်း။ သင်၏စကားမှတဆင့် ဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင် ပြောသည့်အခါ ဘုရားသခင်၏တန်ခိုးတော်ကို ထွက်စေပြီး အံ့ဖွယ်အရာများ ဖြစ်ပျက်လိမ့်မည်။ ထို့ကြောင့် အကယ်၍ သင်သည် ဘုရားသခင်၏အမှန်တရား၊ သမ္မာတရားကို ပြောရန် သင့်ကိုယ်သင် သတိပေးလျှင် သင်၏ဘဝအသက်တာသည် ဘယ်သောအခါမှ ယခင် အသက်တာနှင့် တဖန် ပြန်၍ မတူနိုင်တော့ပါ။

### ၁။သင်၏အိမ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ဖြည့်ပါ။




သု ၄း၂၀-၂၂ သမ္မာကျမ်းပိုဒ်များကို သင်၏နံရံပေါ်တွင် ချိတ်ဆွဲပါ။ မှတ်မိလွယ်သော ကျမ်းပိုဒ်များကို သင်၏ပိုက်ဆံအိတ်ထဲတွင် ထည့်သယ်သွားပါ။ စာအုပ် မှတ်သည့်အရာများအနေဖြင့် ၄င်းတို့ကို သုံးပါ။ ဘုရားသခင်၏
၂ကော ၅း၁၇ နှုတ်ကပတ်တော်တွင်ရှိသော သမ္မာတရားဖြင့် သင့်ကိုယ်သင်
၁ပေ ၂း၂၄ သတိပေးပါ။ ဥပမာအားဖြင့် ကျွန်ုပ်သည် ယေရှုခရစ်၌ အသစ်သောပြုပြင်ခြင်းဖြစ်သည်။ သခင်ယေရှု၏ဒဏ်ချက်ရာများအား ဖြင့် ကျွန်ုပ်ရောဂါကို ပျောက်ကင်းစေသည် စသဖြင့် ပြောဆိုပါ။ သင်၏ အသက်တာထဲသို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပို၍ စိုက်ပျိုး လျှင် သင်၏ယုံကြည်ခြင်းသည် ပို၍ ကြီးထွားလာလိမ့်မည်။

### ၂။ သင်၏“ဝိညာဉ်တော်နှင့်အသက်၏နှုတ်ကပတ်တော်”ကိုအသုံးပြုပါ။


ဤအရာသည် “အသက်တံခါးဝ”၏အလယ်ဗဟိုရှိ ဆွဲထုတ်ထားသောအရာဖြစ်သည်။ ဤအနည်း ငယ်သော စာရွက်ကို သင်၏သမ္မာကျမ်းစာ၊ သင်၏ အိတ်ထောင် (သို့) လွယ်အိတ်ထဲတွင် ထားပါ။ ၄င်းသည် အခြေခံ ပါဝင်သည်။ သို့သော် အလွန်ပင် တန်ခိုးပြည့်ဝသောကျမ်းစာများပင် ဖြစ်သည်။

### “ဝိညာဉ်တော်နှင့်အသက်၏နှုတ်ကပတ်တော်” မည်ကဲ့သို့ အသုံးပြုမည်နည်း။

၁။ ၄င်းကို စာအုပ်၏အလယ်မှ ဖယ်ထုတ်၍ မှန်ကန်တိကျသောအစီအစဉ်အတိုင်း စာမျက်နှာများ ဖြစ်လာစေရန် ခေါက်လိုက်ပါ။

၂။ ၄င်းကို သင်နှင့်အတူ သယ်ဆောင်ပါ။

ရော ၁၀း၉၊ ၁၀ ၃။ သမ္မာကျမ်းပိုဒ်များကို အသံကျယ်စွာ ရွတ်ဆိုပါ။ သင့်နှုတ်၏ယုံကြည်ခြင်းနှင့် အပြစ်ဝန်ခံခြင်း သည် သင်၏ဘဝအသက်တာကို ပြောင်းလဲလိမ့်မည်။ မကြာမီတွင် သင်သည် များစွာသော သမ္မာကျမ်းစာများကို နှလုံးသားမှတဆင့် သိလာလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင် လိုအပ်သောအခါ သင့်ဆီသို့ ရောက်ရှိလာလိမ့်မည်။




## မှတ်သားရန်အချိန်

**မှတ်သားထားပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြောဆိုပါ။**

သမ္မာကျမ်းပိုဒ်များကို စာရွက်တစ်ရွက်ပေါ်တွင် ရေး၍ ကားပေါ်မှာ၊ နားချိန်မှာ၊ မိသားစုနှင့်အတူ ရှိနေချိန်များတွင် နေ့တိုင်း အကြိမ်များစွာ ဖတ်ရှုပါ။

**"အကြောင်းမူကား၊ ထာဝရဘုရား၏နှုတ်ကပတ်တော်သည်<br>ဖြောင့်မတ်ပေ၏။ စီရင်တော်မူသမျှသောအမှုတို့သည်လည်း<br>သစ္စာတရားနှင့် ညီကြ၏။"**

*ဆာ ၃၃:၄*

**"ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း၊<br>ငါ့စကားတည်လိမ့်မည်။"**

*မဿဲ ၂၄:၃၅*

# သင်၏အသစ်သောအသက်တာ

## ဤသင်ခန်းစာအကြောင်း

ယေရှုခရစ်တော်၌ယုံကြည်ခြင်းသည် စကားသက်သက်မျှသာ မဟုတ်ပါ။ ၄င်းသည် လုံးဝ အသစ်ဖြစ်၍ မတူညီ ခြားနားသောအသက်တာမျိုး ဖြစ်သည်။ ဘုရားသခင်၏အံ့ဩဖွယ် တန်ခိုးတော်နှင့် ကောင်းကြီးမင်္ဂလာများသည် သင့်အတွက် ခရစ်တော်၏ဇဝံဂေလိနှင့် ဒွန်တွဲလာသောအရာများ ဖြစ်သည်။ ပထမဦးဆုံး ယုံကြည်ခဲ့သလိုပင် ဘုရားသခင်က သင့်အား ပေးထားသည့်အသက်တာတွင် ဆက်လက်အသက်ရှင်သွားရန် ဖြစ်သည်။

သင်ယူရမည့်အကြောင်းမှာ

- **ခရစ်တော်၌ သင်၏အသစ်သောအသက်တာ**
- **သင်၏အသက်တာတွင် အမှန်တကယ်လျှောက်လှမ်းရမည့် ခြေလှမ်းများ။**

## အသစ်သောအသက်တာအတွက် မဏ္ဍိုင် ငါးခု

၂ကော ၅:၁၇ သင်သည် ခရစ်တော်၌ရှိလျှင် အသစ်သောသတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြ၏။ ဟာလေလုယာ။ ယင်းသည် အမှန်ပင် ဖြစ်ပါသည်။ သင်သည် ခရစ်တော်ကို ရရှိသောအခါ ဘုရားသခင်သည် သင့်ကို အမှောင်နိုင်ငံထဲမှ

ကော ၁:၁၃ ယေရှုခရစ်တော်၏နိုင်ငံထဲသို့ ပြောင်းရွှေ့ပေးသည်။

သင်သည် ယခု မခံစားရသေးသော်လည်း သင်သည် ယခုပင် အသစ်သော နိုင်ငံတော်၌ ရှိနေသည်။ တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ နိုင်ငံသားကူးပြောင်းသောလူတစ်ဦးကို စဉ်းစားကြည့်ပါ။ သူသည် အသစ်သောနိုင်ငံသားဖြစ်ခြင်း၏ကောင်းကျိုးကို မခံစားရခင်အချိန်အထိ ခြားနားမှုကို ခံစားရလိမ့်မည်မဟုတ်ပါ။ သူ၏နိုင်ငံသား ပြောင်းလဲမှုသည် နိုင်ငံသားအဖြစ်မှ တဖြေးဖြေး သက်သေထူလာပါလိမ့်မည်။ သင့်အတွက် ဤဖြစ်စဉ်သည် အမှန်ပင် ဖြစ်သည်။ ဤသင်ခန်းစာတွင် သင်သည် အသစ်သောနိုင်ငံ၌ မည်ကဲ့သို့ နေထိုင်ရမည်ကို သင်ယူရန် အစပြုရပါလိမ့်မည်။ အရေးကြီးသော မဏ္ဍိုင်(၅)ခုကို ကြည့်ပါ။ ၄င်းတို့မှာ နှစ်ခြင်းခံခြင်း၊ မိဿဟာယဖွဲ့ခြင်း၊ သမ္မာကျမ်းစာ လေ့လာခြင်း၊ ဆုတောင်းခြင်း၊ ဝတ်ပြုခြင်းနှင့် ယုံကြည်ခြင်းကို ဝေမျှခြင်းတို့ ဖြစ်သည်။

## ၁ နှစ်ခြင်းမင်္ဂလာ

ပေတရုသည် ပင်တေကုတ္တေပွဲနေ့တွင် သူ၏ပထမဦးဆုံး သတင်းစကားကို ဟောပြောခဲ့သောအခါ လူများသည် အမှန်ပင် အပြစ်ဝန်ချ၍ ပြောင်းလဲရန် လိုလားခဲ့ကြသည်။ သတင်းစကားကို
တ ၂:၁၄-၄၁ နောင်တရဖို့နှင့် ယုံကြည်ခြင်းအတွက် ကြွေးကြော်ခဲ့၍ လူများသည် "ကျွန်ုပ်တို့ ဘာလုပ်ရမှာလဲ" ဟု
တ ၂:၃၇၊ ၃၈ မေးခဲ့သည်။ ပေတရုက "သင်တို့၏အပြစ်များကို ခွင့်လွှတ်ခြင်းခံရရန်အတွက် သင်တို့အားလုံး နောင်တရ၍ ယေရှုခရစ်တော်၏နာမတော်၌ နှစ်ခြင်းမင်္ဂလာခံယူကြရမည်။ သို့ပြုလျှင် သန့်ရှင်းသော

ဝိညာဉ်တော်၏ ဆုကျေးဇူးတော်ကို ရရှိလိမ့်မည်ဟု ပြောခဲ့သည်။ ၄င်းသည် ဘုရားသခင်၏နိုင်ငံတော်
၌ နိုင်ငံသားအဖြစ် ခံယူရန် သူတို့လျှောက်ခဲ့သောခြေလှမ်းများဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထား
တ ၂း၃၈၊ ၄၁ သည်။ ရှေးဦးစွာ သူတို့သည် နောင်တရခြင်းခြေလှမ်းကို လှမ်းခဲ့သည်။ သူတို့၏အပြစ်နွံတွင်းမှ ဘုရား
တ ၈း၃၈ သခင်ထံတော်သို့ ပြန်လာခဲ့ကြသည်။ ဒုတိယ သူတို့သည် ရေတွင် နှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ကြသည်။


## နှစ်ခြင်းမင်္ဂလာသည် မည်သည့်အရာနည်း။

မ ၂၈း၁၉ နှစ်ခြင်းခံရန် စေခိုင်းခြင်းသည် သခင်ယေရှုကိုယ်တိုင် မိန့်မှာချက် ဖြစ်သည်။ “သွား၍ လူမျိုး
တကာတို့ကို ငါ၏တပည့်ဖြစ်စေခြင်းငှါ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏
နာမတော်၌ နှစ်ခြင်းမင်္ဂလာကို ပေးကြလော့။” သခင်ယေရှုခရစ်တော်၏အသေခံခြင်း၊
ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ နှစ်ခြင်းခံခြင်းမှ သင်သည် နိုင်ငံသား ဖြစ်လာရသည်။
သခင်ယေရှုခရစ်၌ သင်၏အသက်တာဟောင်းကို အသေခံ၍ အသစ်သောကြွယ်ဝခြင်း
ရော ၆း၃၊ ၄။ အသက်တာတွင် ပြန်၍ ထမြောက်ရမည် ဖြစ်သည်။ ရှင်ပေါလုက “ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူ
ရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့ မသိသလော။ ထိုကြောင့်
အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကို ခံကြ၏။
အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူ
သည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။”


## နှစ်ခြင်းမင်္ဂလာသည် ယေရှုခရစ်၌ ဖြစ်ပျက်ခဲ့သည့်ဖြစ်စဉ်(၃)ရပ်ကို ထင်ဟပ်ဖော်ပြသည်။




**၁** သခင်ယေရှုသည် ကျွန်ုပ်တို့၏
အပြစ်များနှင့် ဒဏ်ခံရမှုများအားလုံးကို
ယူတင်ဝတ်ဆောင်သွားခဲ့သည်။ ကျွန်ုပ်တို့အတွက် ကိုယ်စား
၂ကော ၅း၂၁ အသေခံခဲ့သည်။ “...ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သော
သူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။
အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့်ဘုရားသခင့်ရှေ့
တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။”




**၂** သခင်ယေရှုခရစ်သည် အသေခံ၍
မြှုပ်နှံသင်္ဂြိုဟ်ခြင်းကို ခံပြီးသောအခါ အပြစ်၏
ရော ၆း၇ တန်ခိုးနှင့် အပြစ်တရားလက်မှ လွတ်မြောက်စေခဲ့သည်။
သခင်ယေရှုသည် ယခုပင် ရှင်ပြန်ထမြောက်ခြင်းအတွက်
အသင့်ရှိခဲ့သည်။




**၃** သုံးရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်ခဲ့သည်။
ရော ၈း၁၁ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ပြန်ခဲ့သည်။
ယခု တွင် သခင်ယေရှုသည် ဘုရားသခင်၏
ဟေဗြဲ ၇း၂၅ လက်ယာတော်ဘက်၌ ထိုင်၍ ကျွန်ုပ်တို့ကိုယ်စား
အယူခံဝင်ပေးလျက် ရှိနေပါသည်။

## သင်၏နှစ်ခြင်းခံယူခြင်းသည် ဤအချက်သုံးခုကို ထင်ဟပ်ဖော်ပြသည်။

အပြစ်၏အောက်၌ရှိသော သင်၏ ဘဝဟောင်း




### ၁ ကားတိုင်တော်

ကားတိုင်သည် အမှောင်နိုင်ငံထဲတွင် ရှိသော သင်၏ ဘဝဟောင်းသေဆုံးခြင်းကို ကိုယ်စားပြုသည်။ အဓိပ္ပါယ်မှာ

ဖေက် ၄:၂၂-၃၂
- သင်သည် တကိုယ်ကောင်းဆန်သော ဘဝဟောင်းကို ထားခဲ့သည်။

၁သက် ၁:၁၉
- သင့်ကို အုပ်စိုးလွှမ်းမိုးခဲ့သော အခြားသောဘုရားများကို ထားခဲ့သည်။

လု ၉:၂၃-၂၅
- သင်၏ကျန်ရှိသောအသက်တာအတွက် ခရစ်တော်၏ နောက်တော်သို့ လိုက်ရန် ရွေးချယ်ခဲ့ပြီး၊ ဘဝဟောင်း၏တံခါးကို ပိတ်၍ ချန်ထားခဲ့ပြီး၊ ဘဝသစ်ထဲသို့ ခြေလှမ်းစခဲ့သည်။

ဗတ္တိဇံအားဖြင့် ဘဝဟောင်း သေဆုံးသည်။




### ၂ သင်္ချိုင်း

ရော ၆:၆
သင်သည် ရေသင်္ချိုင်း၌သင်၏ဘဝဟောင်းကို မြှုပ်နှံခဲ့သည်။ အဓိပ္ပါယ်က ခေါင်းထဲရှိ သေသွားသောခန္ဓာကဲ့သို့ ဖြစ်သည်။ အပြစ်၏တန်ခိုးကို ဖျက်ဆီးပြီး အပြစ်ကျေးကျွန်ဘဝကို ချိုးဖျက်လိုက်ခြင်းဖြစ်သည်။ "ကျွန်ုပ်တို့သည် အပြစ်အတွက် အသေခံ၍ သမ္မာတရား၊ ဖြောင့်မတ်ခြင်းတရားအတွက်

၁ပေ ၂:၂၄
အသက်ရှင်ရန်" ဖြစ်သည်။ သေဆုံးခဲ့ပြီးသူ မည်သူမဆို အပြစ်မှ

ရော ၆:၇
လွတ်မြောက်ခဲ့ပြီးဖြစ်သည်။ ဤသေဆုံးခြင်းသည် သင်၏ လွတ်လပ်ခွင့်ဖြစ်သည်။

ဝမ်းမြောက်ခြင်းနှင့်အောင်မြင်ခြင်း၌ အသစ်သောဘဝအသက်တာ



### ၃ ရှင်ပြန်ထမြောက်ခြင်း

သင်သည် အသစ်သောအသက်တာအတွက် ရေထဲမှ ထွက်ပေါ်လာသည်။ သင် ကယ်တင်ခြင်းရပြီးကြောင်းကို ဗတ္တိဇံခံသောအချိန်၌ အံ့ဩဖွယ် ဖော်ပြခဲ့ပါသည်။ အသစ်သော

၂ကော ၅:၁၇
ဖန်ဆင်းခြင်း ခံရခြင်းလည်း ဖြစ်သည်။ သင်တို့သည်

ကော ၂:၁၂
ယေရှုခရစ်နှင့်အတူ ထမြောက်ပြီး အတူ အသက်ရှင်ရခြင်း

ယော
အကြောင်းမှာ ကျွန်ုပ်တို့သည် ယုံကြည်ခဲ့၍ ဖြစ်သည်။ သေခြင်းမှ

၁၁:၂၅၊ ၂၆
ရှင်ခြင်းသို့ သင်သည် ကူးပြောင်းခဲ့ပြီဖြစ်သည်။ သခင်ယေရှု၏

ဖေက်
သဘာဝလွန် ထူးခြား ကောင်းမြတ်သော ရှင်ပြန်ထမြောက်ခြင်း

၁:၁၉၊ ၂၀
သည် သင်၏ထမြောက်ခြင်းပင်ဖြစ်သည်။

## သခင်ယေရှုသည် သင့်ကို ဗတ္တိဇံခံယူရန် အလိုတော်ရှိသည်။

မာ ၁၆:၁၆
"ယုံကြည်၍ နှစ်ခြင်းခံယူသောသူ မည်သူမဆို ကယ်တင်ခြင်းကို ခံရမည်။ မယုံကြည်သောသူသည်
အပြစ် စီရင်ခြင်းကို ခံရလိမ့်မည်" ဟု သခင်ယေရှု မိန့်တော်မူသည်။ ၎င်းသည် ယုံကြည်သူအားလုံး

တ ၂:၄၁
သည် သခင်ယေရှုကို နာခံခြင်းအားဖြင့် ဗတ္တိဇံမင်္ဂလာကို ခံယူသင့်သည်ဟု ဆိုလိုသည်။

ရော ၁၀:၉၊ ၁၀
ဗတ္တိဇံတစ်ခုတည်းဖြင့် သင့်ကို ကယ်တင်လိမ့်မည်မဟုတ်ပါ။ သင်သည် ယုံကြည်၍ သခင်ယေရှုကို
ကယ်တင်ရှင်ဖြစ်သည်ဟု ဝန်ခံခြင်းသာလျှင် သင့်ကို ကယ်တင်လိမ့်မည်။ ဗတ္တိဇံခံယူခြင်းသည်

ဖေက် ၂:၈၊ ၉။
သင်၏အသစ်သောအသက်တာ အတွက် ဝန်ခံခြင်းဖြစ်သည်။ ထို့ကြောင့် သင်သည် ရေ၌

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်၌ နှစ်ခြင်းမင်္ဂလာကို မခံယူလျှင်၄င်းသည် သင်ပြုလုပ်လျှောက်လှမ်းရမည့် မရှိမဖြစ် လိုအပ်သောခြေလှမ်းဖြစ်သည်။ ထို့ကြောင့် ၄င်းကို ပြုလုပ်၍ ကြွယ်ဝသော ကောင်းကြီးမင်္ဂလာကို ခံစားရလိမ့်မည်။

## ၂ အသင်းတော် – အခြားသောယုံကြည်သူများနှင့်မိဿဟာယဖွဲ့ပါ။

ပထမဦးဆုံး ယုံကြည်သူများ၏ဘဝနေထိုင်မှုပုံစံသည် ပြောင်းလဲခဲ့သည်။ “ပေတရုအားဖြင့် သတင်း
တ ၂း၄၁၊ ၄၂ ကောင်းကို ရရှိသူများသည် နှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်။ သူတို့သည် တမန်တော်များ၏ ဒေသနာကို
ကြားနာ၍ အချင်းချင်း မိဿဟာယဖွဲ့ခြင်း၊ မုန့်ကိုချိုးဖဲ့ခြင်းနှင့် ဆုတောင်းခြင်းတို့ကို ပြုလုပ်ကြသည်။”
မ ၂၈း၂၀ ယုံကြည်သူတစ်ဦးသည် ဘယ်သောအခါမှ အထီးမကျန်ပါ။ သူသည် ဘုရားသခင်နှင့် အမြဲ
မိဿဟာယဖွဲ့နိုင်သည်။ သို့သော်လည်း ဤနေရာတွင် ယုံကြည်သူအားလုံးသည် စုဝေးနေပြီး
၁ ကော ခန္ဓာကိုယ်တစ်ခု၏အင်္ဂါများကဲ့သို့ ပတ်သက် ဆက်နွယ်နေကြသည်။ ကျွန်ုပ်တို့ကြားထဲ၌ နံရံများ
၁၂း၁၂၊ ၁၃ မရှိပါ။ အကြောင်းမှာ ကျွန်ုပ်တို့တွင် ယေရှုဟူသော ဦးတည်ချက်အသစ်ရှိနေ၍ ဖြစ်သည်။
၁ ယော ၄း၁၉ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးချစ်ကြသည်။ အကြောင်းမှာ ယေရှုသည် ကျွန်ုပ်တို့ကို ချစ်ပြခဲ့၍
ဖြစ်သည်။



ယင်းကနဦးယုံကြည်သူများ၏မေတ္တာသည်
စစ်မှန်၍ လက်တွေ့ကျခဲ့သည်။ သူတို့သည်
တ ၂း၄၄ - ၄၇ နေ့တိုင်း တွေ့ခဲ့ကြသည်။ သူတို့၏အိမ်များ၌
တ ၄း၃၂ - ၃၅ မကြာခဏ တွေ့ဆုံခဲ့ကြသည်။ သူတို့၏ဥစ္စာများကို
သူတို့ထဲ၌ လိုအပ်နေသောသူ မရှိကြစေရန်
ဝေမျှခဲ့ကြသည်။ သူတို့သည် အတူတကွ
ဆုတောင်းခြင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်
၁ ကော မုန့်ကိုဖဲ့ခြင်းများကို ပြုလုပ်ခဲ့ကြပြီး၊ ကြီးစွာသော ဝမ်းမြောက်ခြင်း ရှိခဲ့ကြသည်။ ဝန်းကျင်၌
၁၁း၂၃ - ၂၆ ရှိသောလူများသည် သူတို့ကို နှစ်သက်ခဲ့ကြသည်။

သခင်ယေရှုကို ဗဟိုပြုသောသူတို့၏မိဿဟာယဖွဲ့၍ နီးကပ်စွာနေထိုင်သောဘဝ များ မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်ကို ကြည့်ပါ။ နေ့တိုင်းကယ်တင်ခြင်းရရှိသူများ သင်းဝင်လာကြသည်။

သင်လည်းလိုအပ်နေသည့် အရာဖြစ်သည်။ ယုံကြည်သူများနှင့်မိဿဟာယ ဖွဲ့ပါ။ သင့်ကို တခြားသူများနှင့်အတူ ဘုရားသခင် ကို ချီးမွမ်းခွင့်ရရန်နှင့် ဘုရားသခင်၏တန်ခိုးတော်ရှိသောနေရာဖြစ်သည့် ကုသရန်၊ ကယ်ဆယ်ရန်နှင့် သတင်းကောင်းပေးရန် အဖို့ အလို့ငှါ ဘုရားသခင်ကို တောင်းလျှောက်ပါ။ အကယ်၍ သင် တတ်နိုင်မည်ဆိုလျှင် သင့်၏အိမ်တွင် ခေါ်ဖိတ်၍ ယုံကြည်သူများကို ခေါ်ဖိတ် မိဿဟာယဖွဲ့ပါ။ ဘုရားသခင်၏မေတ္တာကို ဖော်ပြရန် အစပြုပါ။ တခြားသော သူများသည် ဘုရားသခင်ကို တွေ့မြင်လာလိမ့်မည်။

## ၃ သမ္မာကျမ်းစာ – သင်၏နေ့စဉ် အစားအစာ



ကနဦးယုံကြည်သူများသည် သမ္မာကျမ်းစာ၌ တွေ့ရသော တမန်တော်များ၏
တ ၂း၄၂ သင်ကြားခြင်း၌ သူတို့ကိုယ်သူတို့ ပေးအပ်ဆက်ကပ်ခဲ့ကြသည်။ သူတို့သည်
အတူတကွ စုဝေး၍ နားထောင်ခြင်း၊ သင်ယူခြင်းများကို ပြုလုပ်ခဲ့ကြပြီး၊ သူတို့
ရရှိထားသည့်အရာများကို အခြားသူများနှင့် မျှဝေခဲ့ကြသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစားအစာနှင့်တူသည်။ ကလေး

၁ပေ ၂း၂ တစ်ယောက်သည် အစားအစာကို မကြာခဏ လိုအပ်သည်။ "မွေးစကလေးသူငယ်ကဲ့သို့ ဝိညာဉ်နို့ရည်စစ်ကို အမြဲ လိုလားတောင့်တကြလော့။ သို့မှသာ သင်တို့သည် ကယ်တင်ခြင်းရရှိပြီး နောက်၊ ကြီးထွားရင့်ကျက်ကြလိမ့်မည်။" ယုံကြည်သူတစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူပြီး နှုတ်ကပတ်တော်နှင့်အသက်ရှင် လိုက်လျှောက်သည့် အတွက် ခွန်အား နှင့် ယုံကြည်ခြင်း၌ ကြီးထွားလာသည်။ သမ္မာကျမ်းစာနှင့် နေ့စဉ် အချိန်ယူရန် မပျက်မကွက်ပါနှင့်။ "ဘုရားသခင်" နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာပါ။ သင့်ကို အထူးထိတွေ့သော သမ္မာကျမ်းပိုဒ်များ ကို မှတ်သားပြီး မျဉ်းသားပါ။ သင်သည် ဘုရားနှင့်အချိန်များစွာ ယူပါက ဘုရားသခင်ကဲ့သို့ ကြီးထွား လာလိမ့်မည်။ သင်ခံယူသည့်အရာကို အခြားသူများကို ဝေမျှပါက၊ သူတို့ကို ကောင်းကြီး ဖြစ်စေ လိမ့်မည်။

## ၄ ဆုတောင်းခြင်းသည် အခြေအနေကို ပြောင်းလဲစေသည်။

ကနဦး ယုံကြည်သူများသည် သူတို့ကိုယ်သူတို့ ဆုတောင်းခြင်းဖြင့် ဆက်ကပ်အပ်နှံခဲ့ကြသည်။
တ ၂း၄၂ သူတို့သည် ဘုရားသခင်ကို အတူတကွ ကျေးဇူးတော်ချီးမွမ်းခဲ့ကြသည်။ ဤကား ယုံကြည်သူများ၏
တ ၂း၄၇ အသစ်သော ဘဝပုံစံ အစိတ်အပိုင်းဖြစ်သည်။

ဆုတောင်းခြင်းသည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ရန် နည်းလမ်းတစ်ခု ဖြစ်သည်။ သင်သည်
၁ကော ၁၄း အခြားလူတစ်ယောက်ကို စကားပြောသကဲ့သို့ သင်၏နှလုံးသားထဲ၌ ရှိသောအရာများကို ဘုရား
၂၊ ၁၅ သခင်ကို စကားပြောခြင်းဖြင့် ဆုတောင်းနိုင်သည်။ သင် နားမလည်သောစကားလုံးများနှင့် အခြား သောဘာသာစကားများအားဖြင့်လည်း ဝိညာဉ်တော် ဖော်ပြသည့်အတိုင်း သင် ဆုတောင်းနိုင်သည်။ နောက်ပိုင်းသင်ခန်းစာတွင် ဤအကြောင်းအရာကို ပို၍တွေ့နိုင်သည်။

ကနဦးယုံကြည်သူများသည် အတူတကွ ဆုတောင်းခဲ့ကြပြီး ကျွန်ုပ်တို့ကို လိုက်လျှောက်ရန် စံနမူနာထားခဲ့သည်။ သခင်ယေရှုကိုယ်တော်တိုင်က သဘောတူ၍ဆုတောင်းခြင်းအတွက် အထူး
မဿဲ ၁၈း ကတိတော်ကို ပေးခဲ့သည်။ "အကယ်၍ သင်တို့နှစ်ဦးသည် သဘောတူ၍ ဆုတောင်းလျှင် တောင်း
၁၉ - ၂၀ သမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။" အခြား သောသူများနှင့် သဘောတူ၍ ဆုတောင်းခြင်းသည် တန်ခိုးပြည့်ဝသည်။

### ဆုတောင်းခြင်းသည် အခြေအနေကို ပြောင်းလဲစေသည်။

သခင်ယေရှုကို ယုံကြည်သူများသည် တညီတညွတ်တည်း ဆုတောင်းသောအခါ သူတို့၏ဆုတောင်း ချက်များသည် အခြေအနေကို ပြောင်းလဲပေးလိမ့်မည် ဟူသောကတိတော်သည် သင့်အတွက်လည်း ဖြစ်သည်။

တ ၁၂း၅ ပေတရုသည် အကျဉ်းထောင်၌ ရှိနေခဲ့စဉ်တွင် အသင်းတော်သည် သူ့အတွက် ဘုရားသခင်ကို အကြွင်းမဲ့ ဆုတောင်းခဲ့သည်။ ပေတရုသည် မဖြစ်နိုင်သောအခြေအနေ ဖြစ်သည့် အိပ်ပျော်နေသောစစ်သားနှစ်ဦးအလယ်တွင် သံကြိုးနှစ်ခု ချည်နှောင်ခြင်းခံရပြီး ထောင်ပေါက်ဝရှေ့၌ အစောင့်များလည်း ရှိနေသည့်နေရာတွင် ရှိနေခဲ့သည်။ ဘုရားသခင်သည် ပေတရုကို ဆုတောင်းခြင်း ၌ အံ့သြဖွယ် အဖြေပေးတော်မူခဲ့သည်။ သင်သည်လည်းပဲ မဖြစ်နိုင်သောအခြေအနေတွင် ဆုတောင်း သည့်အတိုင်း ထွက်ပေါ်လာသော ဘုရားသခင်၏တန်ခိုးတော်ကို တွေ့မြင်နိုင်သည်။

အခြားသောဥပမာတစ်ခုတွင် အာဏာပိုင်များသည် ကနဦး ယုံကြည်သူများကို ခြိမ်းခြောက်ပြီး
တ ၄း၂၄ - ၃၁ တရားဟောခြင်းများ မပြုလုပ်ရန် တားမြစ်ခဲ့ကြသည်။ ထိုအခါ တပည့်တော်များသည် တညီတညွတ်တည်း အသံကိုလွှင့်၍ ဆုတောင်းသောအခါ... စုဝေးသောအရပ်သည် တုန်လှုပ်လျက် ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့် ဘုရားသခင်၏နှုတ်ကပတ်တရား

တော်ကို ရဲရင့်စွာ ဟောပြောကြ၏။ ဘုရားသခင်သည် တပည့်တော်များလိုအပ်သော ရဲရင့်ခြင်းကို ပေး တော်မူသည်။

ကျွန်ုပ်တို့၏ဘုရားသခင်သည် ကြီးမြတ်တော်မူ၍ အံ့ဖွယ် ဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ချီးမွမ်း ခြင်းနှင့် ကိုးကွယ်ခြင်းများနှင့် ထိုက်တန်ပါသည်။ အခြားသူများနှင့် အတူတကွ စုဝေး၍ ဘုရားသခင်ကို
ဗျာ ၅း၁၃-၁၄ ချီးမွမ်းရန်နှင့် ဝတ်ပြုကိုးကွယ်ရန် အချိန်ယူပါ။ ဝမ်းမြောက်ရွှင်လန်းခြင်းဖြင့် ဘုရားသခင်ကို ဂုဏ်တော်ချီးမွမ်း၍ ဘုရားသခင်သည် ကောင်းမြတ်သည် အံ့ဖွယ်ကောင်းသည်ကို ကြွေးကြော်ပါ။ ဘုရားသခင်ကို သင်ချီးမွမ်းသည့်အခါတွင် မမြင်နိုင်သော ကမ္ဘာကြီးထဲတွင် တစုံတရာ ဖြစ်ပျက်မည် ဖြစ်သည်။ ဤကမ္ဘာသည် ဘုရားသခင် သက်ရှိထင်ရှားနေသောကမ္ဘာ ဖြစ်၍ ထိုနေရာ၌ ဂုဏ်တော် ချီးမွမ်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းများ ရှိပြီး၊ ဘုရားသခင်သည် မွန်မြတ်သောနေရာတွင် ရှိ၍ မိမိ၏ အုပ်စိုးခြင်းနှင့်တန်ခိုးတော်ကို ပြသ၍ ကြွလာတော်မူမည်ဖြစ်သည်။

ဆာ ၂၂း၃ ကိုယ်တော်မူကား ဣသရေလအမျိုးသားတို့ချီးမွမ်းရာ၌ ကျိန်းဝပ်လျက် သန့်ရှင်းခြင်း ရှိတော်မူ၏။ (ဘုရားသခင်၏လူများ)


## ၅ သခင်ယေရှုအကြောင်း အခြားသူများကိုပြောခြင်း

ကနဦးယုံကြည်သူများ၏ဘဝပုံစံသည် အံ့သြဖွယ်ရလဒ်များနှင့် အောင်မြင်ခဲ့သည်။ သူတို့သည်
တ ၂း၄၁၊ ၄၇ အိမ်များ၌ စုဝေး၍ ဘုရားသခင်ကို ဝမ်းမြောက်စွာ ကျေးဇူးတော်ချီးမွမ်းကြပြီး၊ နေ့စဉ် ကယ်တင်ခြင်း
တ ၅း၁၂-၁၆ ခံရသူများ ရှိလာကြသည်။ သူတို့သည် ချစ်ခြင်းမေတ္တာ၌ စည်းလုံးစွာ နေခဲ့ကြပြီး၊ ကြီးမြတ်သောတန်ခိုး
တ ၄း၃၂၊ ၃၃ တော်နှင့် တရားဟောခဲ့ကြသည်။ ဘုရားသခင်သည် အလွန်အံ့သြဖွယ်ရာများကို ပြုလုပ်ခဲ့သည်။ "သာ၍များသောယောကျ်ားများနှင့် မိန်းမများတို့သည် ကိုယ်တော်၌ ယုံကြည်၍ သူတို့သင်းဝင်သူများ ဖြစ်ကြ၏။" ဘုရားသခင်နှင့်သော်လည်းကောင်း၊ အခြားသူတစ်ဦးနှင့်သော်လည်းကောင်း နီးကပ်စွာနေထိုင်ခြင်း၏ အံ့ဖွယ်အကျိုးရလဒ်ကို သင်မြင်တွေ့ရပါသလား။ ဤအံ့ဖွယ်သြဇာအရှိန် သည် အိမ်နီးချင်းတစ်ဦးကို "ငါ့အိမ်သို့လာ၍ ငါ့ရဲမိတ်ဆွေများကိုတွေ့ပါ" ဟု ပြောရန် လွယ်ကူခဲ့သည်။ အမျိုးသား(သို့) အမျိုးသမီးများသည် မိတ်ဆွေများနှင့်သာမက သခင်ယေရှုကိုပါ တွေ့ဆုံခဲ့သည်။ ၎င်း သည် သင်၏ဘဝပုံစံ ဖြစ်နိုင်သည်။ ဘုရားသခင်ထံမှသင်ရရှိသောအရာကို မျှဝေသည့်အခါ အခြား သူများကို သေခြင်းမှ ထာဝရအသက်သို့ ယူဆောင်ခြင်းကို မြင်တွေ့ရခြင်း၏ကြီးမားသော ဝမ်းမြောက်ခြင်းကို သင်ရရှိလိမ့်မည်။ သင် ပို၍ ဝေမျှပါက သင်သည် ကိုယ်တော်၌ ကြီးထွားမှု သန်မာလာမည်ဖြစ်သည်။

## ဂုဏ်ယူပါသည်။

သင်သည် "ဘဝအတွက် လမ်းစ" သင်ခန်းစာကို လေ့လာသင်ယူခဲ့ရုံသာမက ကောင်းစွာ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ သင် သင်ယူခဲ့သည့်အရာသည် သင်၏ကျန်ရှိသောဘဝကို သက်ရောက်လိမ့်မည် ဖြစ်သည်။ အယောက်တိုင်း တစ်နာရီအချိန်ယူ၍ ဤအခြေခံအုတ်မြစ်ချထားသောအဆင့်ဆင့်ကို တဖန်ပြန်၍ ပြုလုပ်ပါ။

## သမ္မာကျမ်းမေးခွန်း




လက်တစ်ဘက်တွင် လက်ချောင်း ငါးချောင်းရှိသည့်အတိုင်း သင်သည် ပြုလုပ်ရန် လိုအပ်ပြီး သင့်ဘဝရဲ့အစိတ်အပိုင်း တစ်ခု အဖြစ် ပြုလုပ်ရမည့် သော့ချက်ငါးခုကို သင်ယူရရှိပြီး ဖြစ်သည်။ ပထမဦးဆုံးဖြစ်သည့် နှစ်ခြင်းမင်္ဂလာသည် သင် တစ်ကြိမ်တည်းသာ ပြုလုပ်ရမည့်အရာဖြစ်သည်။ သို့သော် အခြားသူများသည် သခင်ယေရှုခရစ်၏ နောက်လိုက်အနေဖြင့် လက်ခံသောအခါ သင် နေ့စဉ်တွေ့ ကြုံနိုင်သည်။

### လေ့ကျင့်ခန်း (၁) – နှစ်ခြင်းမင်္ဂလာ

က) ဗတ္တိဇံမင်္ဂလာအကြောင်း ဤကျမ်းပိုဒ်များကို လေ့လာပြီး မေးခွန်းများကို ဖြေဆိုပါ။

- မဿဲ ၂၈း၁၈ – ၂၀။ နှစ်ခြင်းခံယူရန် မည်သူသည် ညွှန်ကြားချက် ပေးခဲ့သနည်း။

---

- မ ၁၆း၁၆၊ တ ၂း၃၈၊ ၁၈း၈။ လူတစ်ဦးသည် နှစ်ခြင်းမခံယူခင် မည်သည့်အရာကို လိုအပ်သနည်း။

---

- တ ၈း၃၆ – ၃၈။ နှစ်ခြင်းမင်္ဂလာအတွက် လုပ်ထုံးလုပ်နည်းကို ဖော်ပြပါ။

---

- တ ၁၆း၁၄ – ၁၅၊ ၃၀ – ၃၄။ ကယ်တင်ခြင်းသတင်းစကားကို မိသားစုများသည် မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။

---

- တ ၁၆း၃၄။ မည်သည့်စိတ်ခံစားချက်သည် ယုံကြည်ခြင်းနှင့် နှစ်ခြင်းမင်္ဂလာကို လိုက်ဆော်ပေးသနည်း။

---

ခ) ရော ၆း၁ – ၁၄ ကိုဖတ်ပြီး သင်၏မှတ်စုစာအုပ်တွင် အနှစ်ချုပ်ရေးပါ။

## သင်ခန်းစာ ၂ – ယုံကြည်သူတစ်ဦးအနေဖြင့် သင်၏နေ့စဉ်ဘဝ

၂ကော ၅း၁၇

သင်သည် ကယ်တင်ခြင်းခံရသောအခါ အသစ်သောလူ ဖြစ်လာသည်။ "ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ အသစ်ဖြစ်ကြ၏။" ယခုတွင် သင်သည် ဘုရားသခင်ကိုယ်တော်တိုင်နှင့် အသက်ရှင်သော နိုင်ငံတွင် နေထိုင်နေသည်။ တမန်တော်ဝတ္ထု ၂ မှ ၄ ကိုကြည့်၍ အစောပိုင်းအသင်းတော်တွင် ယုံကြည်သူများ၏ဘဝအစိတ်အပိုင်း ၈ချက်မှ ၁၀ချက်အထိ ချရေးပါ။

## ပြုလုပ်ရမည့်အချိန်

အကျင့်မပါသောယုံကြည်ခြင်းသည် အသေဖြစ်သည်။ ဤသင်ခန်းစာကို လက်တွေ့ကျင့်သုံးရမည့်
ယာ ၂း၂၆ အကြောင်းအရာခေါင်းစဉ်များကို သင့်ကို ကူညီရန် ရိုးရှင်းသောအချက် (၅) ချက်အနေဖြင့် ရှိသည်။

၁။ ***မိဿဟာယဖွဲ့ခြင်း*** – ယုံကြည်သူများနှင့် မိဿဟာယဖွဲ့ခြင်း (သို့) အသင်းတော်တစ်ပါးကို ရှာပါ။ ၄င်းနေရာသည် သမ္မာကျမ်းစာကိုခံယူပြီး လူများသည် သခင်ယေရှုကို စိတ်နှလုံး အကြွင်းမဲ့ ချစ်သော နေရာ ဖြစ်သည်။ ယုံကြည်စွာဖြင့် အခြားသောယုံကြည်သူများနှင့်အတူတကွ ပေါင်းစည်းပါ။

၂။ ***ဗတ္တိဇံမင်္ဂလာခံယူခြင်း*** – သင့်အပြစ်များအတွက် နောင်တရ၍ သခင်ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်သည်ကို ယုံကြည်ပါက သင် ဗတ္တိဇံခံယူခြင်းကို ရပ်တန့်မည့်အရာ
တ ၈း၃၆-၃၇ မရှိတော့ပါ။ သင့်ကို နှစ်ခြင်းပေးရန် အသင်းတော်ရှိခေါင်းဆောင်များ (သို့) ယုံကြည်သူများကို တောင်းဆိုပါ။

၃။ ***သမ္မာကျမ်းစာ*** – နေ့တစ်နေ့ကို ကျမ်းစာဖတ်ခြင်းဖြင့် အစပြု၍ အဆုံးသတ်ပါ။ မဿဲခရစ်ဝင်ကျမ်းဖြင့် အစပြုပါ။ ပြီးလျှင် တမန်တော်ဝတ္ထုကို ဖတ်ပါ။ ပြီးနောက် ဆက်ဖတ်ပါ။ ဓမ္မဟောင်းအတွက် ကမ္ဘာဦးကျမ်းနှင့် ဆာလံကျမ်းမှ အစပြုပါ။ ဘုရားသခင် သင့်ကိုပြောသည့်အရာကို ချရေး၍ မှတ်သားပါ။ သင့်ကို နေ့တိုင်းစကားပြောရန် ဘုရားသခင်ကို မျှော်လင့်ပါ။

၁သက် ၅း၁၇ ၄။ ***ဆုတောင်းခြင်းနှင့် ဝတ်ပြုခြင်း*** – "အစဉ်မပြတ် ဆုတောင်းကြလော့" သင့်ကိုယ်ပိုင်နှင့် သင့် မိသားစုဝင်များအပါအဝင် အရာအားလုံးအတွက် ဆုတောင်းပါ။ ဆုတောင်းခြင်းဖြင့် သင့်ရဲ့တစ်နေ့တာကို အစပြု၍ အဆုံးသတ်ပါ။ ဖြစ်နိုင်ပါက မကြာခဏ အခြားသော ယုံကြည်သူများနှင့်အတူ ဆုတောင်း ပါ။ ဘုရားသခင်သည် သင်တို့၏ဆုတောင်းခြင်းများကို ကြား၍ အဖြေပေးလိမ့်မည်။

၅။ ***သခင်ယေရှုအကြောင်း အခြားသူများကို ပြောပြပါ။*** ဘုရားသခင်၏သတင်းကောင်း၊ ချစ်ခြင်း မေတ္တာနှင့် တန်ခိုးတော်ကို ဝေမျှပါ။ သင်၏မိသားစုနှင့် မိတ်ဆွေများနှင့် အစပြုပါ။ ယနေ့ပင် စတင်ပါ။

***သင်၏စိတ်လှုပ်ရှားစရာကောင်းသော ခရစ်တော်၌ အသစ်သောအသက်တာသည် စတင်ခဲ့ပြီးပြီ ဖြစ်သည်။ ဟာလေလုယာ။***

## မှတ်သားရန် အချိန်

**မှတ်သား၍ ဘုရားသခင်၏နှုတ်ကပတ်တော်စကားကို ပြောပါ။**

ဤတွင် မှတ်သားထားရန် သမ္မာကျမ်းပိုဒ်တစ်ပိုဒ် ရှိသည်။ ၄င်းကို အကြိမ်များစွာ အသံကျယ်ကျယ်ဖတ်ပါ။ အခြားသောကျမ်းပိုဒ်ကို ဤသင်ခန်းစာမှ ရွေးချယ်ပြီး ၄င်းတို့ကို မှတ်သားပါ။

**"ခရစ်တော်၌ရှိလျှင် အသစ်သောသတ္တဝါဖြစ်၍ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြ၏။"**

၂ကော ၅း၁၇

# မှတ်ရန်

ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း သင် လိုက်လျှောက်သောအခါ ဖြစ်ပျက်လာသည့်အရာကို မှတ်သားရန် ဤစာမျက်နှာများကို အသုံးပြုပါ။ ပြီးလျှင် သင် သင်ယူသည့်အရာကို လက်တွေ့ကျင့်သုံးပါ။

# မှတ်ရန်

## အသေးစိတ်သိလိုပါက ဆက်သွယ်ရန် လိပ်စာ

အမှတ် ၂၁၉၊ အောင်သုခလမ်း၊
၉မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၈၆၁၂၆၉၄

# ဘဝအတွက်

# လမ်းစ

သမ္မာကျမ်းစာမှ အရေးကြီးသော သမ္မာတရားအား ရှာဖွေခြင်းနှင့်
ဦးစွာလိုအပ်သောအဆင့်ဖြစ်သည့်ဘုရားသခင်အား သိကျွမ်းခြင်း။

ဘဝအတွက်လမ်းစ စာအုပ်တွင် ဘုရားသခင်၏နှုတ်ပတ်တော်ကို
အခြေခံသည့် သင်ခန်းစာ(၅)ခု ပါရှိပါသည်။
ဤတန်ခိုးနှင့်ပြည့်စုံသောစာအုပ်သည်
ယခုဘဝနှင့်သေပြီးသည့်နောက် လူသားတိုင်း ဝမ်းမြောက်ခြင်းနှင့်
ဖြောင့်မတ်ခြင်းကို သော့ချက်အနေဖြင့် ကိုင်စွဲထားပါသည်။

ဤစာအုပ်သည် မိမိတစ်ဦးတည်းလေ့လာဖို့ ညွှန်ကြားထားသော်လည်း၊
အဖွဲ့လိုက်လည်း လေ့လာနိုင်ပါသည်။

MediaServe